မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၁၀ ခုနှစ်၊ မတ် ၉ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၆၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရေသည် လူမှုစီးပွားဘဝတစ်ခုလုံး မရှိမဖြစ် သဘာဝအရင်းအမြစ်ဖြစ်ရာသီဥတုပြောင်းလဲမှုကြောင့် ဆည်ငယ်၊ ကန်ငယ်များ စီမံကိန်းများပြုလုပ်ရသမျှရေကို စုဆောင်းကာ စိုက်ပျိုးရေ၊ သောက်သုံးရေ ရရှိရေးမြေအောက်ရေကို စက်ရေတွင်းများ၊ ရေလျှံတွင်းများ တူးဖော်ရယူ

ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာစာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် မတ် ၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ဆည်မြောင်းစီမံကိန်းများ၏ ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၇ရက် နံနက် ၈နာရီတွင် ပဲခူးတိုင်း ပဲခူးမြို့ ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

မြန်မာ့အလင်း **အင်တာနက်ကျန်းမာရေး**

ရင်သားကင်ဆာဖြစ်ပွားမှု လျော့နည်းရေး ကြက်ဟင်းခါးသီး စားသုံးပေး

ကော်လိုရာဒို မတ် ၈

ကြက်ဟင်းခါးသီးဟင်း မကြာခဏ စားသုံးပေးခြင်းသည် အမျိုးသမီးများအတွက် ရင်သားကင်ဆာဖြစ်ပွားမှု လျော့နည်းစေနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ဖြစ်ပွားမှုလျော့နည်း

အထက်ပါ အဆိုနှင့်ပတ်သက်ပြီး ကော်လိုရာဒို တက္ကသိုလ်မှ ဒေါက်တာ ရာဂျက်အက်ဂါဝဲလ်နှင့် သုတေသီများသည် အမျိုးသမီးများ ရင်သားကင်ဆာ ဖြစ်ပွားမှုနှင့် စပ်လျဉ်းပြီး နှစ်အတန်ကြာ သုတေသန ပြုခဲ့သည်။ ယင်းသုတေသနပြုချက်အရ ကြက်ဟင်းခါးသီး စားသုံးသော အမျိုးသမီးများမှာ ရင်သားကင်ဆာ ဖြစ်ပွားမှု လျော့နည်းကြောင်း လေ့လာတွေ့ရှိခဲ့သည်။ ။

မြောက်ဖျား ကချင်ပြည်နယ်က မိုးကောင်းတံတားမှသည် ဒေသခံတို့ ကူးလူးယှက်နွယ်သွားလာနိုင်ကြပြီ

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်သို့ မန္တလေးနှင့် စစ်ကိုင်းတိုင်းတို့မှ ဆက်သွယ်သွားလာရန် ယခင်ကဆိုပါလျှင် ရထားလမ်းကိုသာ အားပြုခဲ့ရသည်။

ယင်းအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ရွှေဘို-မြစ်ကြီးနားကားလမ်းကို တစ်ဆက်တစ်စပ်တည်း ကတ္တရာလမ်းမကြီးအဖြစ် အဆင့်မြှင့်ဖောက်လုပ်ပေးခဲ့သည်။ ရွှေဘို-မြစ်ကြီးနားကားလမ်းတစ်လျှောက်ရှိ မြစ်ချောင်းများပေါ်၌လည်း တံတားကြီး၊ တံတားငယ်များကို တစ်စင်းပြီးတစ်စင်း တည်ဆောက်ပေးခဲ့ရာ မိုးကောင်းတံတားမှာလည်း အပါအဝင်ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၄ ●

သတင်းမှတ်စု - တင်မာဝင်းနှင့် မြကေခိုင်စိုး
ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဥပဒေအမှတ် (၁/၂၀၁၀)ဖြင့် ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥပဒေ အချပ်ပိုနှစ်မျက်နှာ ပါရှိပါသည်။

9-3 (01).pmd 1 3/9/2010, 2:05 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ခုနှစ် မတ် ၉ ရက်)

စွမ်းအား၊ စွမ်းရည်များ တိုးတက်တည်ဆောက် ကူးလူးဆက်သွယ်မှုများ တိုးမြှင့်ဖော်ဆောင်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် ရထားလမ်းများ၊ ရထားနှင့်ကားတွဲသော တံတားများကို ကွန်ရက်သဖွယ် လက်ယှက်ထိုး တည်ဆောက်ဖောက်လုပ်လျက်ရှိသည်။

၁၉၈၈ခုနှစ်နောက်ပိုင်းမှစ၍ ရထားခရီးမိုင် ၁၃၈၁ မိုင်ကျော် တိုးချဲ့ဖောက်လုပ်ခဲ့ရာ ယခုအခါ ရထားလမ်း မိုင်ပေါင်း ၃၃၅၇မိုင်ကျော်အထိ ရှိနေပြီဖြစ်သည်။ ယခင်က တံတားကြီး၊ တံတားငယ် ၅၆၅၀ရှိခဲ့ရာမှ ယခု ၁၀၇၆၀၊ ဘူတာပေါင်း ၄၈၇ သာရှိခဲ့ရာမှ ၈၅၈ ဘူတာအထိ တိုးချဲ့ တည်ဆောက်ပေးခဲ့သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊ ဟသ်ာတ-ဇလွန်-ဓနုဖြူ-ညောင်တုန်း ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းနှင့် ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းတို့ကို အကောင်အထည်ဖော် ဖောက်လုပ်သွားမည်ဖြစ်သည်။

ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော် ရထားလမ်းစီမံကိန်းသည် ပဲခူးရိုးမအနောက်ခြမ်းရှိ ပြည်(ရွှေတံခါး)မှ အရှေ့ဘက်ခြမ်းရှိ တောင်ငူ(ကျေးတော)-နေပြည်တော်သို့ ပဲခူးရိုးမကိုဖြတ်ကျော်၍ ဖောက်လုပ်ရန်လျာထားသည့် စီမံကိန်းဖြစ်သည်။

ဧရာဝတီတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံရေးအတွက် ဟသ်ာတ-ဇလွန်-ဓနုဖြူ-ညောင်တုန်း ရထားလမ်းကို ဖောက်လုပ်ရန် စီစဉ်ထားပြီး ရန်ကုန်-ပုသိမ်ရထားလမ်းနှင့် ဧရာဝတီတံတား(ညောင်တုန်း)တွင် ပေါင်းဆုံမည်ဖြစ်သည်။ ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ပြီးစီးပါက လက်ရှိရထားလမ်းများနှင့် ဆက်စပ်ပြီး ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ ပုသိမ်-ဟသ်ာတ-ကြံခင်း-ပခုက္ကူ-ကလေးအထိ တောက်လျှောက် ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့်တိုင်းများအားလုံးသို့ ဖြန့်ကြက်ရောက်ရှိစေမည့် အမျိုးသား ရထားလမ်းကွန်ရက်ကြီးကို အကောင်အထည်ဖော်လျက်ရှိရာ ကြံခင်း-ပခုက္ကူရထားလမ်း၊ ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်း၊ ကသာ-ဗန်းမော် ရထားလမ်း၊ မိုးနဲ-ကျိုင်းတုံရထားလမ်း၊ ထားဝယ်-မြိတ်ရထားလမ်းနှင့် မင်းဘူး-အမ်း-စစ်တွေရထားလမ်းဖောက်လုပ်ရေး စီမံကိန်းခြောက်ခုကို ဖော်ဆောင်လျက်ရှိသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို ကိုယ့်ခွန်ကိုယ့်အားဖြင့် တည်ဆောက်သွားကြရမည်ဖြစ်ပေသည်။ မိမိတို့၏စွမ်းအား၊ စွမ်းရည်များကို တိုးတက်ရန်တည်ဆောက်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာမည်ဖြစ်ပြီး ချမှတ်ထားသည့် စီမံကိန်းများကို အချိတ်အဆက်မိမိ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ရာ ကူးလူးဆက်သွယ်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးညှင်းမြို့ ဒေသဖွံ့ဖြိုးရေး တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း စစ်ဆေး

နေပြည်တော် မတ် ၈

ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲပိုင်းက မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု သာယာကုန်းရွာ နွေစပါးစိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှုကိုလည်းကောင်း၊ ပင်လုံကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး မြိုင်သာယာကျောက်စီ ရေလှောင်ကန်တည်ဆောက်မည့် နေရာကိုလည်းကောင်း၊ ပင်လုံရွာ အခြေခံပညာမူလတန်းကျောင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် မတ် ၁ရက် နံနက်ပိုင်းက မိုးညှင်းမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်မိသားစုဝင်များအားတွေ့ဆုံပြီး လိုအပ်သည်များ မှာကြားကာ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ မိုးညှင်းမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၏ တင်ပြချက်များအပေါ် တိုင်းမှူးက ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆေးဝါးပစ္စည်း

ဆက်လက်၍ တိုင်းမှူးသည် မိုးညှင်းမြို့ ခုတင်(၁၀၀)ဆံ့ မြို့နယ်အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ကျန်းမာရေးဆိုင်ရာဝန်ထမ်းများအားတွေ့ဆုံ၍ အမှာစကားပြောကြားပြီး ဆေးဝါးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်သည်။

စိုက်ပျိုးအောင်မြင်

ထို့နောက် တိုင်းမှူးသည် ပင်ဟဲကျေးရွာ၊ အင်ကြင်းကုန်း ကျေးရွာများသို့ရောက်ရှိပြီး နွေစပါး၊ ဟင်းသီးဟင်းရွက်၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် နန်းခွင်တံတားတည်ဆောက်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။(**အပေါ်ဝဲပုံ**)

ထို့နောက် တိုင်းမှူးသည် ကုန်းတန်းကြီးကျေးရွာ နွေစပါးစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ ပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မှာကြားကာ ချီးမြှင့်ငွေများပေးအပ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် မိုးညှင်းမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသစ်ဆောက်လုပ်ပြီးစီးမှုကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ

(သတင်းစဉ်)



မြဝတီရုပ်မြင်သံကြား

၉-၃-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လျှပ်တစ်ပြက်
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄:၃၅ ၅။ အင်္ဂလိပ်စာသုတ
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၁၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၂။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၃။ အကြင်နာလက်တစ်စုံ
- ၇:၀၀ ၁၄။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၆)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မွေးမြူသုတ
- ၂၀။ **ဟာသရုပ်စုံ** အနုပညာရွှေသွေးနှင့်အဖွဲ့၊ သိန်းဇံနှင့်အဖွဲ့ ဒါရိုက်တာ-ဖုန်းမြင့်အောင်
- ၂၁။ တစ်လအတွင်း အကြိုက်ဆုံး ဗွီစီဒီတေးများ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြည်နူးဖွယ်ရာပျိုကညာ** (အပိုင်း-၁၉)

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ဘိုကလေး မတ် ၈

(၂၁)ကြိမ်မြောက် ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီး ဘုရားဝင်းအတွင်းရှိ မြို့နယ်အသင်းသိမ်ကျောင်းဓမ္မာရုံ၌ မတ် ၂၁ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ကျင်းပမည် ဖြစ်ရာ အသက်၇၅နှစ်အထက် ကန်တော့ခံအသင်းဝင်များ၊ ၂၀၀၈-၂၀၀၉ခုနှစ် ပါရဂူဘွဲ့ရရှိသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) အသင်းဝင်များ၏ သားသမီးများသည် အမှတ်စာရင်းအထောက်အထားနှင့်အတူ အသင်းတိုက်သို့ စာရင်းပေးသွင်းရန်ဖြစ်ပြီး ဥက္ကဋ္ဌ ဦးစောဝေ ဖုန်း-၀၉-၅၁-၀၈၇၀၅၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း ဖုန်း-၀၉-၅၁-၆၉၅၂၁၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်တင့် ဖုန်း-၀၉-၅၀-၇၉၂၀၈၊ ဒုတိယဥက္ကဋ္ဌ ဦးတင်လှ ဖုန်း-၂၂၄၈၂၄၊ အတွင်းရေးမှူး ဦးသိန်းညွန့် ဖုန်း-၀၉-၈၆-၂၅၆၉၅၊ ဘဏ္ဍာရေးမှူး ဦးဝင်းမြင့် ဖုန်း-၀၉-၅၁-၀၅၈၀၆နှင့် အသင်းရုံး ဖုန်း-၂၁၂၅၀၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရွှေကူမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ မီးသတ်ယာဉ် အင်ဂျင်ပြောင်းလဲတပ်ဆင်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ရက်က ကျင်းပရာ မြို့မိမြို့ဖများမှ လှူဒါန်းသည့် အင်ဂျင်နှင့် တပ်ဆင်ခ ကုန်ကျငွေ ကျပ် ၉၉၃၀၀၀ကို ဦးမြင့်အေးထွန်းက မြို့နယ်မီးဘေးကာကွယ်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကြည်ဝင်းထံ ပေးအပ်စဉ်။

(၁၇၉)

လှိုင်မြို့နယ် ကံ့ကော် ၄လမ်း မြကန်သာအိမ်ရာ အမှတ် ၂၁၆နေ ဗိုလ်မှူးမြင့်ရွှေ(ငြိမ်း)အားရည်စူး၍ မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၃သိန်းလှူဒါန်းရာ နာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)က လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ဆည်မြောင်းစီမံကိန်းများ၏ ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ စာတမ်းဖတ်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

❒ ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ စာတမ်းဖတ်ပွဲသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ မြင့်သိန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းမှ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စီးပွားရေး ကုမ္ပဏီကြီးများ၊ Suntag Technologies၊ My Associates ကုမ္ပဏီလီမိတက်၊ Hyundai ကုမ္ပဏီနှင့် ရူဝံအင်ဂျင်နီယာ ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများ၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေးများမှ ညွှန်ကြားရေးမှူးများ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်လှမင်းက အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် ရေသည် လူမှုစီးပွားဘဝတစ်ခုလုံးအတွက် မရှိမဖြစ် သဘာဝအရင်းအမြစ်ဖြစ်ရာ ယခု ပထမအကြိမ် ကျင်းပသည့် စာတမ်းဖတ်ပွဲမှ ရေအသုံးချရေးနှင့်စပ်လျဉ်းပြီး အရေးကြီးသော အချက်အလက်များကို ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ရေအရင်းအမြစ် ကြွယ်ဝသည့်နိုင်ငံဖြစ်ရာ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိမည့် ရေသုံးစွဲမှုဆိုင်ရာမူဝါဒများ၊ ရေစီမံခန့်ခွဲမှုများကို ကျင့်သုံးနေပြီဖြစ်ကြောင်း၊ ရာသီဥတု ပြောင်းလဲဖြစ်ပေါ်မှုများကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၌ ရေရှားပါးမှု ကြုံတွေ့လာရသဖြင့် ယခုအခါ ဆည်ငယ်၊ ကန်ငယ် စီမံကိန်းများကို ပြုလုပ်နေပြီး ရာသမျှရေကို စုဆောင်းကာ စိုက်ပျိုးရေ၊ သောက်သုံးရေ ရရှိရေးသာမက မြေအောက်ရေကို စက်ရေတွင်းများ၊ ရေလျှံတွင်းများ တူးဖော်ကာ ကျေးလက်ဒေသ ရေရရှိရေးကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဤလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် တောင်သူလယ်သမားများက စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

အထောက်အကူပြု

ယခုကျင်းပသည့် စာတမ်းဖတ်ပွဲသည် ရေအသုံးချမှုနှင့် စပ်လျဉ်း၍ နိုင်ငံဖွံ့ဖြိုးရေးကို များစွာ အထောက်အကူပြုမည်ဖြစ်သဖြင့် ဆည်မြောင်းလုပ်ငန်းအတွက် အမှတ်တရဖြစ်သကဲ့သို့ ဆက်လက်၍လည်း ကျင်းပသွားရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဆည်မြောင်းဦးစီးဌာနနှင့် ပြင်ပစီးပွားရေး ကုမ္ပဏီများ၏ ဆည်မြောင်းစီမံကိန်း အထောက်အကူပြုပစ္စည်းများ ပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

တီထွင်ပြုလုပ်

ယင်းပြခန်းများတွင် Suntag Technologies က နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများဖြင့် တစ်နာရီလျှင် ရေဂါလန် ၅၀၀၀ကို အမြင့်ပေ ၂၀၀အထိ ရေတင်မှု Hyundai ကုမ္ပဏီက ဆည်ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းသုံး စက်ယန္တရားများ၊ Best Luck ကုမ္ပဏီလီမိတက်၊ Alliance Stars ကုမ္ပဏီလီမိတက်နှင့် ရူဝံအင်ဂျင်နီယာ ကုမ္ပဏီလီမိတက်တို့က ဆည်မြောင်းဆက်စပ်ပစ္စည်းများနှင့် ဂျီအိုပစ္စည်းများ၊ ဆည်မြောင်းဦးစီးဌာနက ကွန်ကရစ်ဖျော်စပ်ရာတွင် ဘိလပ်မြေပါဝင်မှု လျှော့နည်းနိုင်သည့် ဓာတုဆေးရည်များဖြင့် ကွန်ကရစ်ပြုလုပ်မှုများ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက နေပြည်တော်ပျဉ်းမနား၌ တည်ဆောက်နေသည့် နန်ချိုရေအားလျှပ်စစ်မှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀ ထုတ်လုပ်နိုင်ရန် နမူနာပုံစံငယ်ဖြင့် တာဘိုင်ရေအားနှင့် ရေမြောင်းများ ကြံ့ခိုင်မှု လက်တွေ့စစ်ဆေးပြသမှုနှင့် ကယားပြည်နယ် ဘီလူးချောင်းအမှတ်(၃) ရေအားလျှပ်စစ် ၄၈ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရန် ပုံစံတူစမ်းသပ်မှု၊ ဆည်မြောင်းဦးစီးဌာနက Micro Hydropower Generator များ တီထွင်ပြုလုပ်၍ 3K. W နှင့် 5K.W ရေအားလျှပ်စစ်ရယူကာ ဆည်ရေဖြင့် ကျေးလက်ဒေသ မီးလင်းရေးကို မမြဲ သုံးဆယ်နှင့် ကုတင်ဘီလင်းရေလှောင်တမံ စီမံကိန်းနယ်မြေများ၌ဆောင်ရွက်မှု၊ ဟွန်ဒိုင်း ကုမ္ပဏီက လေးတန်ခွဲ ကျောက်ကြီးတင် မြေသယ်ကားများနှင့် မြေတူးမြေတင်စက်ကြီးများ၏ လုပ်ငန်းဆောင်ရွက်နိုင်မှုတို့ကို ပြသထားသည်။

ထို့နောက် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ ပထမနေ့တွင် စာတမ်း ၁၃စောင်နှင့် ဒုတိယနေ့တွင် စာတမ်း ၁၇စောင် စုစုပေါင်း စာတမ်း ၃၀ကို ယနေ့အထိ ဖတ်ကြားတင်သွင်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)

၁၀-၃-၂၀၁၀

- ၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
- ၇:၀၅ တရားတော် **(မောရသုတ်+ ဝဋ္ဋသုတ်)** ဓမ္မပူဇာတေးပဒေသာ
- ၇:၃၀ (၃၈)ဖြာမင်္ဂလာ
- ၇:၃၅ နံနက်ခင်းတေးပဒေသာ
- ၈:၀၀ စံတော်ချိန် + သတင်းဆောင်းပါး
- ၈:၁၀ နံနက်ခင်းတေးပဒေသာ
- ၁၀:၀၀ အမှတ်တရတေးလက်ဆောင်
- ၁၀:၃၀ သတင်းစာအာဘော်
- ၁၀:၃၅ တေးပဒေသာ
- ၁၁:၀၀ နေ့လယ်ခင်းသတင်း
- ၁၁:၁၀ ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၃၀) နေ့လယ်ခင်းတေးပဒေသာ
- ၁၁:၃၀ ဆိုကြပျော်ရွှင်တေးသံစဉ်(၇၆) တေးပဒေသာ
- ၁၂:၀၀ စံတော်ချိန် နေ့လယ်ခင်းတေးပဒေသာ
- ၁၂:၂၅ ဇာတ်လမ်းပမာနားဆင်စရာ (ဘယ်လိုလုပ်ရပ့်)
- ၁၂:၄၅ တေးပဒေသာ
- ၁၃:၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃:၁၀ တေးပဒေသာ
- ၁၃:၃၀ အစီအစဉ်ပြီး၏။
- ၁၆:၀၀ အဖွင့်တီးလုံး + ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆:၂၀ ဆောင်းပါး
- ၁၆:၃၀ စစ်သည်အတွက် တေးလက်ဆောင်
- ၁၇:၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ပုစွန်ချဉ်သုပ်နဲ့ ပိန်းရိုးဟင်းခါး)
- ၁၇:၁၀ Current Song(13)
- ၁၇:၂၅ သတင်းစာဆောင်းပါး
- ၁၇:၃၀ တေးပဒေသာ
- ၁၈:၀၀ ညနေခင်းသတင်း
- ၁၈:၁၀ ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၄၀)
- ၁၈:၂၀ ကျေးလက်ဇာတ်လမ်း (သူလည်းတစ်ပိုင် ကိုယ်လည်းတစ်နိုင်)
- ၁၈:၃၀ တူယှဉ်သီကြွေးစုံတွဲတေး
- ၁၉:၀၀ နိုင်ငံတကာသတင်း
- ၁၉:၀၅ သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
- ၁၉:၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ဖြူသီ)
- ၁၉:၃၀ တေးပဒေသာ
- ၂၀:၀၀ ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
- ၂၀:၂၀ တေးပဒေသာ
- ၂၀:၅၀ ကျန်းမာရေးရာသိကောင်းစရာ (ငရုတ်သီးသည် နှလုံးရောဂါနှင့် လေဖြတ်ရောဂါများ ကာကွယ်နိုင်) လူမှုရေးဦးတည်ချက်
- ၂၁:၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
- ၂၁:၃၀ ညချမ်းချိန်ခါတေးပဒေသာ
- ၂၂:၀၀ အစီအစဉ်ပြီး၏။

Orange Supermarket တာမွေမြို့နယ်ဆိုင်ခွဲသစ် ဖွင့်လှစ်

ရန်ကုန် မတ် ၈

ရန်ကုန်မြို့ တာမွေမြို့နယ် သမိန်ဗရမ်းလမ်း မေတ္တာရိပ်မွန်အိမ်ရာ အခန်းအမှတ် (၁၅၊ ၁၆၊ ၁၇၊ ၁၈)တွင် Orange Supermarket ၏ ခုနစ်ခုမြောက် ဆိုင်ခွဲသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၇ရက် နံနက် ၈နာရီက အဆိုပါဆိုင်ခွဲသစ်၌ကျင်းပသည်။

ရောင်းချပေး

ယခုဖွင့်လှစ်သည့် တာမွေ Orange Supermarket မှာ ၈၄၀၁ စတုရန်းပေကျော် ကျယ်ဝန်းပြီး သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်နှင့် စားသောက်ကုန်အမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုး၊ မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုး၊ ကလေးအသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ ဗဟုသုတဖြစ်ဖွယ်ရာ စာအုပ်အမျိုးမျိုးနှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုးတို့ကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချပေးလျက်ရှိသည်။

ထို့အပြင် ကိုရီးယားအစားအစာ၊ ထိုင်းအစားအစာ၊ အိန္ဒိယအစားအစာ၊ ရှမ်းအစားအစာနှင့် ကြက်ကြော်၊ ကြက်ကင်နှင့် အကင်အမျိုးမျိုး စားသောက်နိုင်မည့် Food Court များလည်းပါရှိသည့်အတွက် Customer များအတွက် တစ်နေရာတည်းတွင် ပြီးပြည့်စုံစွာ ဈေးဝယ်နိုင်မည့် Orange Supermarket ဖြစ်သည်။ ယခု ဖွင့်လှစ်သည့် တာမွေမြို့နယ် Orange Supermarket သည်ပိတ်ရက်မရှိ နေ့စဉ်နံနက် ၉နာရီမှ ည၁၀နာရီအထိ ဖွင့်လှစ် ရောင်းချမည်ဖြစ်သည်။ **(အပေါ်ပုံ)**

ဖွင့်လှစ်

Orange Supermarket များကို ရန်ကုန်မြို့တွင် လသာမြို့နယ်(၁၉လမ်းထိပ်)၊ သဃ်န်းကျွန်းမြို့နယ် (ဝေဇယန္တာလမ်း)၊ မြောက်ဥက္ကလာပမြို့နယ် (သုဓမ္မာလမ်းမ)၊ ကြည့်မြင်တိုင်မြို့နယ် (ရဲတံခွန်တာဝါ)၊ မန္တလေးမြို့ (လမ်း၈၀၊ ၂၈×၂၉လမ်းကြား)နှင့် Great Wall Shopping Mall တို့၌ ဖွင့်လှစ်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် မတ် ၈

ပြည်မြန်မာသတင်းဂျာနယ် အမှတ် ၇၀၈ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "၂၀၁၃ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံတွင် လက်ခံကျင်းပရန် အတည်ပြုချက်ထုတ်ပြန်၊ လာမည့်ပညာသင်နှစ်မှစ၍ ရန်ကုန်တိုင်းအတွင်း ပုဂ္ဂလိကကျောင်း ခြောက်ကျောင်းဖွင့်မည်၊ မြန်မာ ၂၁ဦးပါဝင်သော နော်ဝေသင်္ဘော ပင်လယ်ဓားပြများပြန်ပေးဆွဲ၊ အာဖရိကရှိ ကမ္ဘာ့အကြီးဆုံး မိုးလုံလေလုံအပန်းဖြေစခန်းကြီးတွင် ကားပြိုင်ပွဲများပါမည်ဖြစ်၍ မြန်မာလုပ်သားများ ထပ်မံခေါ်ယူ၊ မြန်မာကလေးများအတွက် သိပ္ပံနှင့် နည်းပညာသင်တန်းကျောင်းကို ကိုရီးယားမှ လာရောက်ဖွင့်မည်၊ ငွေဆောင်ကမ်းခြေ၌ သုံးဘီးဆိုင်ကယ်များ စတင်ပြေးဆွဲတော့မည်၊ ရန်ကုန်နှင့် ဟန်ချိုင်း တိုက်ရိုက်လေကြောင်း စတင်ပျံသန်း၊ ရော်ဘာနည်းပညာကျောင်း ပထမဆုံးဖွင့်မည်၊ ယာဉ်စီးခကို ငွေသေတ္တာထဲ ကိုယ်တိုင်ထည့်ရသည့်စနစ် စတင်စမ်းသပ်၊ နိုင်ငံတစ်ဝန်းတွင် ဘောလုံးအကယ်ဒမီကျောင်း ရှစ်ကျောင်းအထိ ဖွင့်လှစ်မည်၊ မြန်မာ-အိန္ဒိယပူးပေါင်း၍ ဆက်သွယ်ရေးနည်းပညာသင်တန်းဖွင့်မည်၊ ယခုနှစ်သည် ကမ္ဘာ့သမိုင်းတစ်လျှောက် အပူဆုံးနှစ်တစ်နှစ် ဖြစ်လာမည်လား၊ မြန်မာနိုင်ငံအမြွာပူးများအသင်း ဖြစ်မြောက်ရေး ဖိတ်ခေါ်၊ နိုင်ငံတကာနှင့်တစ်ပြေးညီ အဆင့်မြင့် နိုင်ငံကူးလက်မှတ်များ ထုတ်ပေးတော့မည်၊ မြန်မာ့အကြီးဆုံး ရှော့ပင်းစင်တာကြီးကို အောက်တိုဘာလတွင် ဖွင့်မည်၊ ကြက်ဥမှတစ်ဆင့် ထုတ်လုပ်သော မြွေပွေးအဆိပ်ဖြေဆေးကို လူနာများတွင် ပထမဦးဆုံးစမ်းသပ်ကုသမှု အောင်မြင်၊ ဒေါ်လာအတုကိစ္စဖြင့် ပြစ်ဒဏ်ချမှတ်ခံရသည့် ကင်မရွန်းနိုင်ငံသားနှစ်ဦးသည် မြန်မာ့ဘောလုံးလောကနှင့် ဆက်စပ်မှုမရှိ၊ တစ်ကိုယ်လုံး၌ အကြေးခွံများ ထွက်လာသည့်ကလေး၊ မြို့တစ်မြို့ကို Google ဟုအမည်ပြောင်း၊ အစ္စရေးဝန်ကြီးချုပ်နှင့် မော့ဆက်အဖွဲ့တာဝန်ရှိသူများကို ဖမ်းဆီးရန် ဒူဘိုင်းရဲအဖွဲ့ကစီစဉ်နေ၊ တောအုပ်ထဲ၌ စွန့်ပစ်ထားသော တင့်ကားအစီးနှစ်ရာကို အံ့သြဖွယ်တွေ့ရှိ၊ ရတနာဆိုင်ကို ဓားပြဝင်တိုက်တဲ့စုံတွဲ ကလေးကျန်ခဲ့၊ နှုတ်ခမ်းလှုပ်ရုံဖြင့် အသံကြားစေနိုင်သည့်နည်းပညာကို တီထွင်၊ သင်္ဘောအစင်း ၅၀ ရေခဲပြင်၌ ပိတ်မိနေ၍ ခရီးသည် ၁၀၀၀ခန့်ကိုကယ်ဆယ်ခဲ့ရ၊ ဂရိက အကြွေးပြဿနာများဖြေရှင်းရန် နိုင်ငံပိုင်ကျွန်းများကို ရောင်းမည်၊ ကိုယ်ဝန်လေးလ၌ မွေးလာသည့် အလေးချိန် ပေါင်ဝက်ခန့်သာရှိသောကလေးငယ် အသက်ရှင်၊ ရင်သားကြီးစေရန် ခွဲစိတ်ခဲ့သည့်အမျိုးသမီး ရင်သားလေးခုဖြစ်သွား၍ ဆရာဝန်ကိုတရားစွဲ၊ အော်စကာရပ်ရှင်ထူးချွန်ဆုချီးမြှင့်" စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စံ(၅)ချက်နှင့်ပြည့်စုံသော စာကြည့်တိုက်ဖြစ်ပေါ်ရေး အလုပ်ရုံဆွေးနွေးပွဲ လှိုင်သာယာ၌ ကျင်းပ

ရန်ကုန် မတ် ၈

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းအေးနှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၁ နာရီက အမှတ်(၁၆)ရပ်ကွက် အလင်းရောင်စာကြည့်တိုက်သို့ ကွင်းဆင်း၍ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စံ(၅)ချက်နှင့် ပြည့်စုံသော စာကြည့်တိုက်ဖြစ်ပေါ်လာရေး၊ စာငှားစနစ် ကျင့်သုံးရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပရာ ရှေးဦးစွာ အမှတ်(၁၆)ရပ်ကွက် အလင်းရောင်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ကြိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းအေးက စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး စံ(၅)ချက်နှင့် ပြည့်စုံသော စာကြည့်တိုက်ဖြစ်ရေးနှင့် စာငှားစနစ် ကျင့်သုံးရေးတို့အတွက် လိုအပ်ချက်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် စာကြည့်တိုက်ကော်မတီဝင် ဦးတင်လှိုင်က အလင်းရောင်စာကြည့်တိုက်သို့ ငွေကျပ် ၁၅၀၀၀ တန်ဖိုးရှိ သုတ၊ ရသ စာအုပ်မျိုးစုံကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းအေးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်ကြိုင်တို့က လက်ခံယူကြသည်။ **(အောက်ပုံ)** ယင်းနောက် အလင်းရောင်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဝင် ဦးတင်လှိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတစ်ဝန်း ဖေဖော်ဝါရီလအတွင်း မီးလောင်မှု ၁၄၂ ကြိမ် ဖြစ်ပွားခဲ့

နေပြည်တော် မတ် ၈

၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလအတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှု ၁၄၂ ကြိမ် ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားခဲ့သော မီးလောင်မှု ၁၄၂ ကြိမ်တွင် မီးဖိုမီး/ပေါ့ဆမီး အကြိမ် ၁၁၀၊ လျှပ်စစ်မီး ၂၁ ကြိမ်၊ မသမာသူရှို့မီး လေးကြိမ်နှင့် တောမီး ခုနစ်ကြိမ်တို့ပါဝင်ပြီး အိမ်ခြေ အဆောက်အအုံ ၁၃၀၅လုံး၊ ဂိုဒေါင်တစ်လုံး ဆုံးရှုံးခဲ့သည်။ မီးဘေးဒုက္ခသည် ၂၇၅၅ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူ ၁၁ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့သည်။ မီးလောင်မှု ၁၄၂ကြိမ်တွင် မီးဖိုမီးအပါအဝင် ပေါ့ဆမီး အကြိမ် ၁၁၀ ပါဝင်သဖြင့် မီးကို မဆင်မခြင် ပေါ့ဆစွာ သုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ် စုစုပေါင်း၏ ၇၇ ဒသမ ၄၆ ရာခိုင်နှုန်းခန့် ပါဝင်သည်ကို တွေ့ရှိရကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အီရန်နိုင်ငံ ကာကွယ်ရေး ဝန်ကြီးဌာနတွင် ပြသထားသည့် တီဟီရန်မြို့ ဒုံးကျည်စက်ရုံမှ ထုတ်လုပ်သည့် နာဆာ-၁ ဒုံးကျည်ကို မတ် ၇ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ယူကရိန်းသမ္မတ ယာနူကိုဗစ်ချ် ရုရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိ

မော်စကို မတ် ၈

ယူကရိန်းသမ္မတ ဗစ်တာယာနူကိုဗစ်ချ်သည် သမ္မတရာထူးကိုလက်ခံရယူပြီးချိန်မှစ၍ ပထမဦးဆုံးအကြိမ်အဖြစ် ရုရှားနိုင်ငံသို့ မတ် ၅ရက်၌ ရောက်ရှိလာကြောင်း သတင်းရရှိသည်။

ဗစ်တာယာနူကိုဗစ်ချ်သည် အနောက်အုပ်စုလိုလားသော ယခင်သမ္မတ လက်ထက်တွင် နှစ်အတန်ကြာ မပြေမလည်ဖြစ်နေခဲ့သည့် ရုရှားနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဟု ကတိပြုခဲ့သည့်အတိုင်း ယင်းကဲ့သို့ ရုရှားနိုင်ငံသို့ လာရောက်လည်ပတ်ခြင်းဖြစ်သည်ဟု ဆိုသည်။

တွေ့ဆုံဆွေးနွေး

ယူကရိန်းသမ္မတသည် ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်နှင့် ရုရှား ထိပ်တန်းနိုင်ငံရေးသမားဖြစ်သည့် ဝန်ကြီးချုပ်ဗလာဒီမာပူတင်တို့နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း၊ ယင်းသို့တွေ့ဆုံဆွေးနွေးရာတွင် စီးပွားရေးကိစ္စရပ်များကို အဓိကထားမည်ဟု မျှော်လင့်ရကြောင်းလည်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

အာဖဂန်စစ်ပွဲငြင်းဆိုသည့် ဗြိတိသျှတပ်ဖွဲ့ဝင် ပြစ်ဒဏ်ကျ

လန်ဒန် မတ် ၈

အာဖဂန်နစ္စတန်နိုင်ငံသို့ပြန်ပြီး တိုက်ပွဲဝင်ရန် ငြင်းဆိုကာ စစ်ဆန့်ကျင်ရေး လှုံ့ဆော်မှုပြုလုပ်ခဲ့သည့် ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးသည် ခွင့်မဲ့ပျက်ကွက်ကြောင်း ဝန်ခံသဖြင့် မတ် ၆ရက်က ၎င်းအား ထောင်ဒဏ်ကိုးလ ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။

အဆိုပါ ဗြိတိသျှစစ်သား၏ အမည်မှာ ဂျိုးဂလင်တန်ဖြစ်ပြီး အသက် ၂၇နှစ်ရှိသူ ဖြစ်သည်။ ၂၀၀၇ခုနှစ် ဇွန်လတွင် အင်္ဂလန်နိုင်ငံ တောင်ပိုင်းရှိ ယင်း၏ စစ်တန်းလျားမှ နှစ်နှစ်ကြာပျောက်သွားခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် ဒုတိယအကြိမ်မြောက် ပြန်လည်တာဝန်ထမ်းဆောင်ရမည့်အချိန်မစေ့မီ ယင်းကဲ့သို့ ပျောက်သွားခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ချီလီငလျင်အတွက် ဒေါ်လာငါးသန်း အိန္ဒိယထောက်ပံ့မည်

နယူးဒေလီ မတ် ၈

အိန္ဒိယနိုင်ငံသည် မြေငလျင်အကြီးအကျယ်လှုပ်ပြီး လူ ၁၀၀၀နီးပါးသေဆုံးခဲ့သည့် ချီလီနိုင်ငံကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာငါးသန်း ထောက်ပံ့မည်ဟု ကတိပေးခဲ့ကြောင်း သတင်းရရှိသည်။

စာနာထောက်ထား

အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းက မြေငလျင်ကြောင့် သေဆုံးသူများအတွက် ဝမ်းနည်းကြောင်းဖော်ပြထားသည့်စာတစ်စောင်ကို ချီလီသမ္မတ မစ်ချယ်ဘာချီလက်ထံသို့ ပေးပို့ခဲ့သည့်အတွက် အထူးဝမ်းနည်းကြေကွဲဖွယ်ရာ ချီလီပြည်သူများအတွက် စာနာထောက်ထားမိပြီး ဝမ်းနည်းကြေကွဲမှုဖြစ်ရပါသည်ဟု အိန္ဒိယအစိုးရနှင့် ပြည်သူများကိုယ်စား ဖော်ပြအပ်ပါကြောင်း ရေးသားထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး ယွမ်ငွေ၁၀ဒသမဖ ဘီလီယံ တရုတ်အစိုးရသုံးစွဲမည်

ပေကျင်း မတ် ၈

တရုတ်ပြည်၌ ယခုနှစ်အတွင်း အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် တိုးမြှင့်ဆောင်ရွက်ပေးရာတွင် တရုတ်ယွမ်ငွေ ၁၀ဒသမဖ ဘီလီယံ သုံးစွဲမည်ဖြစ်ကြောင်း မတ်၅ရက်ကကျင်းပသည့် တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် (အင်န်ပီစီ) နှစ်ပတ်လည်အစည်းအဝေးတွင် ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ထုတ်ဖော်ပြောကြားသည်။

ဦးစားပေး

တရုတ်အစိုးရအနေဖြင့် အမြတ်နည်းသည့် အသေးစား စီးပွားရေးလုပ်ငန်းများအတွက် ဦးစားပေး ဆောင်ရွက်ရာတွင် ဝင်ငွေခွန်များကို လျှော့ချမည်ဟု ဆိုသည်။

ကုန်ထုတ်လုပ်မှု

တရုတ်ပြည်တွင် မှတ်ပုံတင်ထားသည့် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းပေါင်း ၄ ဒသမ ၃သန်းရှိသည်။ ၎င်းတို့က ပြည်တွင်းကုန်ထုတ်လုပ်မှု တန်ဖိုးပမာဏ ၆၀ ရာခိုင်နှုန်းနီးပါးကို ရှာဖွေပေးပြီး အလုပ်အကိုင် စုစုပေါင်း၏ လေးပုံသုံးပုံကိုလည်း အလုပ်ပေးထားသည်ဟု သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဆီးနှင်းများအဆက်မပြတ်ကျဆင်းမှုကြောင့် လမ်းများ ပိတ်ဆို့မှုဖြစ်ပေါ်နေသည်ကို မတ် ၇ ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

တရုတ်အလှမယ်

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့၌နိုင်ငံတကာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ်ကျင်းပသည့် ဖက်ရှင်ပြပွဲတွင် တရုတ်အလှမယ်တစ်ဦး ယှဉ်ပြိုင်နေဟန်ကို မတ် ၆ ရက်က တွေ့ရစဉ်။
(ဆင်ဟွာဓာတ်ပုံ)

တာလီဘန် ထိပ်တန်းခေါင်းဆောင်သုံးဦး ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ချေမှုန်း

အစ္စလမ္မာဘတ် မတ် ၈

ပါကစ္စတန် တာလီဘန်ထိပ်တန်းခေါင်းဆောင်သုံးဦးတို့ကို စစ်သွေးကြွ ၃၀နှင့်အတူ လုံခြုံရေးတပ်ဖွဲ့က လူမျိုးစုဒေသတစ်ခုတွင် ချေမှုန်းလိုက်ကြောင်း ပါကစ္စတန်ရုပ်မြင်သံကြား အစီအစဉ်က မတ်၅ရက်တွင် ကြေညာသည်။

ထိန်းသိမ်းထား

တာရစ်ပါကစ္စတန်တာလီဘန်(တီတီပီ)ဒုတိယအကြီးအကဲ မော်လဗီဖကေး မိုဟာမက်သည် သုတ်သင်ခံရသောစစ်သွေးကြွများတွင်ပါဝင်သည်ဟု ပုဂ္ဂလိကထုတ် ဂျီအိုသတင်းစာ၌ ဖော်ပြထားသည်။ မော်လဗီဖကေးသည် အာဖဂန် နစ္စတန်နယ်စပ်အနီးရှိ ဘာဂျာကိုလုံခြုံရေးတပ်ဖွဲ့များက ထိန်းသိမ်းထားပြီးနောက် မိုးမန့်သို့ပြောင်းရွှေ့နေထိုင်သည်ဟုယူဆပြီး ဘာဂျာတိုင်းရင်းသားလူမျိုးစုများဒေသတွင် အခြေချနေထိုင်သူဖြစ်သည်။

တုံ့ပြန်ချက်

ယင်းကိစ္စနှင့်ပတ်သက်၍ ခိုင်မာသည့် တရားဝင်အတည်ပြုချက်မရရှိသေးကြောင်း၊ အကြမ်းဖက်စစ်သွေးကြွအုပ်စု၏ တုံ့ပြန်ချက်လည်း မရရှိသေးကြောင်း သတင်းရရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဖိလစ်ပိုင်တောင်ပိုင်း စစ်ဆင်ရေး အကြမ်းဖက်သမား ခုနစ်ဦးသေဆုံး

မနီလာ မတ် ၈

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆူလူပြည်နယ် ဆီရာစီမြို့၌ မတ် ၇ရက် နံနက်ပိုင်းက ဖိလစ်ပိုင်တပ်ဖွဲ့၏ ထိုးစစ်ဆင်မှုအတွင်း အာဘူဆာရက်အကြမ်းဖက်အဖွဲ့ဝင် ခုနစ်ဦးသေဆုံးကြောင်း ဖိလစ်ပိုင်စစ်ဘက်က ပြောကြားသည်။

ဆက်နွယ်

အဆိုပါ အကြမ်းဖက်အဖွဲ့သည် မလေးရှားအကြမ်းဖက်အဖွဲ့ဖြစ်သော မာဝန်အဖွဲ့နှင့် ဆက်နွယ်လျက်ရှိပြီး ယင်းအဖွဲ့ခေါင်းဆောင် ဂျီမတ်အစ္စလာမီ(ဂျေအိုင်)သည် ဖိလစ်ပိုင်နိုင်ငံ၌ ၂၀၀၃ခုနှစ်ကတည်းက ပုန်းအောင်းလျက်ရှိသည်ဟု ဆိုသည်။

ထိုးစစ်ဆင်တိုက်ခိုက်မှုအတွင်း မရိန်းတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရပြီး ရန်သူ့ထံမှ ရိုင်ဖယ်၁၅လက် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နော်ဝေပိုင် လောင်စာတင်သင်္ဘော မာဒါဂတ်စကာကျွန်းအနီး အပိုင်စီးခံရ

မိုဂါဒစ်ရှူး မတ် ၈

မာဒါဂတ်စကာကျွန်းကမ်းလွန်မှ မောင်းနှင်လာသည့် ဓာတုဗေဒပစ္စည်းများ တင်ဆောင်လာသော သင်္ဘောတစ်စင်း ဆိုမာလီပင်လယ်ဓားပြများ၏ အပိုင်စီးမှုကို ခံရကြောင်း မတ် ၆ရက်တွင် နော်ဝေအရာရှိများက ပြောကြားသည်။ ယူဘီတီအိုးရှင်း အမည်ရှိ ယင်းသင်္ဘောသည် အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)ရှိ ဖူဂျေရာဒေသမှ တန်ဇန်းနီးယားနိုင်ငံ ဒါရက်စလမ် ဆိပ်ကမ်းမြို့သို့ ထွက်ခွာလာစဉ် အပိုင်စီးခံရခြင်းဖြစ်သည်ဟု နော်ဝေနိုင်ငံမှ သင်္ဘောပိုင်ရှင် ဗရိဗစ်တင့်က ပြောကြားသည်။

တန်ချိန် ၉၀၀၀ ခန့်ရှိ ယင်းသင်္ဘောသည် လောင်စာဆီများသယ်ယူလာပြီး ဓားပြများ ကျက်စားရာ တောင်ပိုင်းဒေသသို့ မောင်းနှင်လာစဉ် တိုက်ခိုက်ခံရခြင်းဖြစ်သည်ဟု ကုမ္ပဏီညွှန်ကြားရေးမှူးက ဆက်လက်ပြောကြားသည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၇ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ မုန်တိုင်းတိုက်ခတ်

ဟာဗားနား မတ် ၈

ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ ယခင်ရက်သတ္တပတ် နောက်ဆုံးက လေပြင်းမုန်တိုင်းကျရောက်၍ ရေကြီးပြီး ရေကာတာကျိုးပေါက်သဖြင့် သုံးမီတာအမြင့်အထိ ရေလွှမ်းမှုဖြစ်ပွားခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါ ရေကြီးမှုအတွင်း လူ၄၅၀ ကျော် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ပြီး သေကျေပျက်စီးမှု မရှိကြောင်း ကျူးဘားအစိုးရက ကြေညာသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

အင်္ဂလိပ် - ဘိုးဝါးစစ်ပွဲ (၁၈၉၉-၁၉၀၂)

တိုး - ရေးသားသည်

၁၈၉၉ ခုနှစ်မှ ၁၉၀၂ ခုနှစ်အထိ ဖြစ်ပွားခဲ့သော အင်္ဂလိပ်နှင့် ဘိုးဝါး(ဒတ်ချ်နွယ်ဖွား အာဖရိကတိုက်သားများ) စစ်ပွဲအတွင်း လူမည်းတောင်အာဖရိကနိုင်ငံသားများပါဝင်မှုမှာ သမိုင်းမှတ်တိုင်တစ်ရပ်ဖြစ်သည်။ ဤနေရာတွင် တောင်အာဖရိကနိုင်ငံမှ လူမည်းများကိုဆိုလိုခြင်းဖြစ်ပြီး တောင်အာဖရိကနိုင်ငံမှ အိန္ဒိယအမျိုးသားများနှင့် သွေးနှောသည့်ကပြားများ အကျုံးမဝင်ကြောင်း ရှင်းလင်းစွာ သဘောပေါက်ရန်လိုအပ်သည်ဟု သုတေသီများက ဆိုသည်။

လေဒီစမစ်မြို့ဝိုင်းစဉ်က ကင်းထောက်များအဖြစ် တာဝန်ယူခဲ့သူတစ်စုကို တွေ့ရစဉ်။

အင်္ဂလိပ်-ဘိုးဝါးစစ်ပွဲမှာ မူလတွင် လူဖြူချင်းဖြစ်ပွားသည့် စစ်ပွဲဟုဆိုသော်လည်း ဇူးလူး၊ ဟောက်ဇာ၊ ဘာဂတ်တလာ၊ ရှန်ဂါး၊ ဆိုသို၊ ဆွာဇီနှင့် ဘာဆိုသိုကဲ့သို့သော တောင်အာဖရိကနိုင်ငံမှ အခြားသောလူမျိုးစုများ ပါဝင်လာသည်။

သဘောတူ

ဤစစ်ပွဲမှာ လူဖြူအချင်းချင်း အကြားဖြစ်သောစစ်ပွဲတစ်ပွဲဖြစ်ကြောင်း၊ လူမည်းများအနေဖြင့် စစ်ပွဲအတွက် လက်နက်စွဲကိုင်မှု မပြုသင့်ကြောင်း ဘိုးဝါးများနှင့် ဗြိတိသျှတို့အကြားတွင် အက္ခရာကမ္ပည်းမတင်သည့် သဘောတူညီမှုတစ်ရပ်ရှိသည်။

တာဝန်ယူ

သို့သော်လည်း စစ်ဖြစ်စဉ်ကာလအတွင်းတွင် တိုက်ခိုက်ရေးတပ်နှင့်တကွ ထောက်ပို့တပ်များတွင် လူမည်းများ ပါဝင်ဆင်နွှဲကြောင်းကို ငြင်းမရသည့် ဓာတ်ပုံများက သက်သေထူနေသည်။ စစ်အတွင်းတွင် လူမည်းများသည် ကတုတ်ကျင်းတူးသူများ၊ စကောက်ခေါ် ကင်းထောက်များ၊ ဆက်သားများ၊ ကျွဲ၊ နွားတိရစ္ဆာန်ထိန်းကျောင်းသူများ၊ ယာဉ်မောင်းများ၊ အလုပ်သမားများ၊ ခြေရာကောက်သူများ စသည်ဖြင့် ကဏ္ဍစုံမှ တာဝန်ထမ်းဆောင်ကြသည်။ ခံတပ်များတည်ဆောက်ရာတွင်လည်းကောင်း၊ ထောက်လှမ်းရေးအတွက် မီးပုံးပျံများ အသုံးပြုရာတွင်လည်းကောင်း လူမည်းများကို တာဝန်ပေးသည်။ အရန်တပ်သားများအဖြစ် လူမည်းများက တာဝန်ယူရသည်။

အသုံးချ

လူမည်းများကို စစ်မှုထမ်းဥပဒေအရ ဘိုးဝါးများက စစ်မှုထမ်းစေသကဲ့သို့ လူမည်းများဆန္ဒအလျောက် စစ်ထဲဝင်သည်လည်း ရှိကြသည်ဆို၏။ အရန်လက်နက်ခဲယမ်းမီးကျောက်များကို စောင့်ကြပ်ရန်၊ မြင်းများကိုကြည့်ရှုရန်၊ ထမင်းချက်ရန်၊ ထင်းခွေရေခပ်ရန် လူမည်းများကို ဘိုးဝါးများက အကျိုးရှိရှိ အသုံးချသည်။ လုပ်အားခေါင်းပုံဖြတ်သည့် အရန်အင်အားအဖြစ်သာမကဘဲ တိုက်ခိုက်ရေးတွင်လည်း လူမည်းများကို ဘိုးဝါးများကစေခိုင်းသည်။

အချို့ဘိုးဝါးများက တပည့်လူမည်းများကို သံယောဇဉ်ကြီးခဲ့သလောက် စစ်ဖြစ်သည့်အခါတွင် တစ်ပါတည်းခေါ်ကာ စစ်ထဲသွင်းခြင်းများလည်း ရှိသည်။ သမိုင်းသုတေသီအချို့၏အဆိုအရ ဤအင်္ဂလိပ်-ဘိုးဝါးစစ်ပွဲတွင် လူမည်းနှင့် ဘိုးဝါးပါဝင်မှု ၁အချိုး၄ ရှိသည်ဟုဆိုသည်။ စစ်အတွင်း လူမည်း ၁၅၀၀၀ပျမ်းမျှ ပါဝင်ဆင်နွှဲသည်။ ဒတ်ချ်နွယ်ဖွား အာဖရိကတိုက်သား စီအေခရွန်း၏ နေ့စဉ်မှတ်တမ်းတွင် သူ့တပည့်လူမည်း ကိန်ဘူးဆာဘာလာနာမှာ ဘိုးဝါးကွန်မန်ဒိုတပ်ဖွဲ့သို့ ဝင်ရောက်စဉ် အသက်(၁၅)နှစ်သာရှိသေးကြောင်း ရေးမှတ်ထားသည်။

သိမ်းပိုက်

ဘိုးဝါးနှင့် အင်္ဂလိပ်အကြားဖြစ်ပွားသည့် စစ်ပွဲတွင် လူမည်းဇူးလူးလူမျိုးစုများက ကြားနေရန် နေတယ်ကိုလိုနီမှ လူဖြူတရားသူကြီးများအား သက်ဆိုင်ရာအာဏာပိုင်က ၁၈၉၉ခုနှစ် စက်တင်ဘာ ၁၀ရက်တွင် တိုက်တွန်းပေးရန် အမိန့်ထုတ်ခဲ့သည့် ဇူးလူးလင်းတွင် ရဲတပ်ဖွဲ့ဝင် ၅၀တို့က မြို့ကိုခုခံသည့် အင်ကျူသူမြို့ကို ဘိုးဝါးတို့ သိမ်းပိုက်သည်။ ၁၉၀၀ပြည့်နှစ် ဇန်နဝါရီလအထိသာ သဘောတူညီမှု တည်မြဲသည်။

စစ်မဖြစ်မီက သူတို့လယ်ယာများအား ဘိုးဝါးတို့က သိမ်းယူမှုကိုမကျေနပ်သည့် ဆွာဇီလူမျိုးစုတို့ကမူ ဆုံးရှုံးသွားသော လယ်မြေများ ပြန်လည်ရရှိရေးအတွက် ရည်ရွယ်ကာ စစ်ပွဲအတွင်း ဝင်ရောက်ခဲ့ကြသည်လည်း ရှိသည်။

သက်သေထူ

လူမည်းဆက်သားများနှင့်ကင်းထောက်များသည် စစ်အတွင်း ဆက်သွယ်ရေးလုပ်ငန်း၌ မရှိမဖြစ် အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။နေတယ်မြင်းစီးသေနတ်တပ်ဖွဲ့ဝင် အာရ်စီအေဆင်မြူရယ်ဆန်ကို ဇူးလူးလင်း ဓာတိ ကင်းထောက်အဖွဲ့ဟုတွင်သည့် ထောက်လှမ်းရေးအဖွဲ့ဝင်များ စုဆောင်းရန် ဒရိုက်မွန်တိန်းနှင့် အီဒင်ဒေးသို့ လွှတ်လိုက်သည်။ သူသည် ထိုတပ်ဖွဲ့၏ အရာရှိတစ်ဦးဖြစ်လာပြီး တပ်ဖွဲ့ဝင်များမှာ အချင်းချင်း ချစ်ကြည်ကာစည်းလုံးညီညွတ်ကြောင်းကို ယင်းတပ်ဖွဲ့၏ အောင်မြင်မှုများက သက်သေထူခဲ့သည်။

အောင်ပွဲခံ

ဘိုးဝါးတို့သည် လူမည်းကင်းထောက်အများအပြားကို ခန့်ထားခဲ့သည်။ ကွန်မန်ဒိုများထံ သူတို့ပေးသည့် သတင်းများမှာ ထူးထူးခြားခြား မှန်ကန်အဖိုးတန်သည်။ ဘိုးဝါးများကဲ့သို့ပင် အင်္ဂလိပ်များဘက်ကလည်း လူမည်းကင်းထောက်များကို အသုံးချသည်။ ဘိုးဝါးကွန်မန်ဒိုများ၏ ပြောက်ကျားနည်းဗျူဟာများကို တန်ပြန်ရာ၌ စစ်ပွဲ၏ နိဂုံးပိုင်းတွင် လူမည်းကင်းထောက်များ၏ ကျေးဇူးကြောင့် အင်္ဂလိပ်တို့အောင်ပွဲများ အလီလီ ခံနိုင်ခဲ့သည်။ ထိုကာလများတွင် အင်္ဂလိပ်တို့က ဗြိတိသျှ တပ်မကြီးကို ပိုမိုသေးငယ်ပြီး အမြန်ချီတက်သည့် စစ်ကြောင်းများအဖြစ် ခွဲပစ်လိုက်သည်။ ယင်း၏ အောင်မြင်မှုမှာ ရန်သူလှုပ်ရှားမှု သတင်းမှန်ကန်စွာရရှိမှုအပေါ်တွင် မူတည်သည်။

ပိတ်ဆို့

၁၈၉၉ ခုနှစ် အောက်တိုဘာလမှ ၁၉၀၀ပြည့်နှစ် မေလအထိ မာဖေကင်းမြို့ကို အင်အားသုံး၍ဝိုင်းဝန်းလုပ်ကြံမှုနှင့်တကွ ၁၈၉၉ခုနှစ် နိုဝင်ဘာလမှ ၁၉၀၀ပြည့်နှစ် ဖေဖော်ဝါရီလအထိ လေဒီမစ်မြို့ကို ပိတ်ဆို့လုပ်ကြံမှုတို့တွင် လူမည်းများ၏အားမာန်ကို တွေ့နိုင်သည်။

အရှေ့ပိုင်းစစ်မျက်နှာမှ ဟိုလ်စရန်းမြို့၌ လူအစုလိုက် အပြုံလိုက်သတ်မှုတွင် ဘိုးဝါး၅၆ဦးသေဆုံးပြီး သုံးဦးကို သုံ့ပန်းအဖြစ် ဖမ်းဆီးနိုင်သည့် ဇူးလူးလူမည်းတို့၏ အစွမ်းကိုသိနိုင်သည်။ ဇူးလူးလူမျိုး၅၂ဦး သေဆုံးပြီး ၄၈ဦးဒဏ်ရာရခဲ့သည်။

ဆုံးရှုံးခဲ့

ဘိုးဝါးတို့၏ လယ်ယာလုပ်ငန်းကို ဗြိတိန်တို့ကမီးရှို့ကာ မြေလှန်စနစ်ကျင့်သုံးခြင်းဖြင့် လူမည်းတို့လည်း အိုးမဲ့အိမ်မဲ့ဘဝ ရောက်ကာ သီးခြားချွေးတပ်စခန်းများ၌ ပြောင်းရွှေ့နေထိုင်ကြရသည်။ သို့မှသာ ဘိုးဝါးတို့အနေဖြင့် လူမည်းတို့ထံမှ အကူအညီများ ပြတ်တောက်သွားမည် မဟုတ်ပါလား။ သို့သော် ဒုက္ခသည်စခန်းများ၏ အခြေအနေမှာ တစ်နေ့ထက်တစ်နေ့ အခြေအနေ ဆိုးရွားခဲ့သည်။ စစ်အပြီးတွင် ထိုစခန်းများရှိ လူမည်းဒုက္ခသည်များမှာ အူရောင်ငန်းဖျားနှင့် ဝမ်းလျှောရောဂါများကြောင့် ထောင်သောင်းချီ၍ အသက်ဆုံးရှုံးခဲ့ရသည်။

ပါဝင်ဆင်နွှဲ

အင်္ဂလိပ်-ဘိုးဝါးစစ်ပွဲ (၁၈၉၉-၁၉၀၂)မှာ မူလက လူဖြူချင်းဖြစ်သည့် စစ်ပွဲဟုဆိုသော်လည်း လူမည်းလူမျိုးစု အများအပြား ပါဝင်ဆင်နွှဲရသည့်စစ်ပွဲဖြစ်သည်။ လူမည်းအများအပြား လက်နက်ကိုင်ပြီး စွမ်းရည်ပြခဲ့သော်လည်း စစ်ပွဲပြီးဆုံးသောအခါ စွမ်းရည်သတ္တိဆိုင်ရာ ဘွဲ့ထူးဂုဏ်ထူး အလျှင်းမရသည့်စစ်ပွဲဖြစ်သည်။

စစ်အတွင်းကျဆုံးသွားသော ရဲဘော်များ၏ လုပ်ဆောင်ချက်များကို အမြဲတမ်းသတိရဂုဏ်ပြုနေမည်ဖြစ်သော်လည်း စစ်ပွဲနှင့်မပတ်သက်သည့် အရပ်သားအများအပြား သေဆုံးရမှုမှာ ဝမ်းနည်းဖွယ်ဖြစ်သည်။ သေဆုံးသည့် အရပ်သားများတွင် အမျိုးသမီးများနှင့် ကလေးသူငယ် ထောင်ပေါင်းများစွာ ပါဝင်ပြီး ချွေးတပ်စခန်းများ၌ မသေသင့်ဘဲ သေပွဲဝင်ကြရခြင်းက ပို၍ပင် ရင်ထုမနာဖြစ်ဖွယ်ရှိသည်။ အမှန်စင်စစ် အင်္ဂလိပ်-ဘိုးဝါးစစ်ပွဲသည် တောင်အာဖရိကနိုင်ငံတစ်နံတစ်လျားရှိ ပြည်သူအားလုံးကို ဒုက္ခပင်လယ်ဝေခဲ့သည့် လူဖြူတို့၏ စစ်ပွဲဖြစ်ခဲ့ပါကြောင်း။ ။

ကိုးကား-အင်တာနက်

အင်္ဂလိပ်-ဘိုးဝါးစစ်ပွဲမှာ မူလတွင် လူဖြူချင်းဖြစ်ပွားသည့် စစ်ပွဲဟုဆိုသော်လည်း ဇူးလူး၊ ဟောက်ဇာ၊ ဘာဂတ်တလာ၊ ရှန်ဂါး၊ ဆိုသို၊ ဆွာဇီနှင့် ဘာဆိုသိုကဲ့သို့သော တောင်အာဖရိကနိုင်ငံမှ အခြားသော လူမျိုးစုများ ပါဝင်လာ။

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ယခုနှစ်အတွင်း လေယာဉ်၂၁၈ စင်း တရုတ်ဝယ်ယူမည်

တရုတ်နိုင်ငံသည် လေကြောင်းခရီးသွားလာမှု တိုးတက်များပြားလာခြင်းကြောင့် ယခုနှစ်အတွင်း ခရီးသည်လေယာဉ် ၂၁၈စင်းကို ဝယ်ယူဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း၊ ယင်းလေယာဉ်များမှာ ဂျမ်ဘိုဂျက်လေယာဉ်များဖြစ်ကြောင်း တရုတ်မြို့ပြလေကြောင်းအဖွဲ့က မတ် ၈ရက်၌ သတင်းထုတ်ပြန်သည်။

အီဂျစ်၌ နျူကလီးယားစွမ်းအင်စက်ရုံတည်ဆောက်မည်

အီဂျစ်နိုင်ငံတွင် နျူကလီးယားစွမ်းအင်စက်ရုံ တည်ဆောက်ရေးအတွက် ဆွေးနွေးမှုများပြုလုပ်ရန် အီဂျစ်စွမ်းအင်ဝန်ကြီး ဟူစိန်ယူနစ်သည် မတ် ၈ရက်တွင် ပြင်သစ်နိုင်ငံသို့ ထွက်ခွာသွားကြောင်း အီဂျစ်အရာရှိများက ပြောကြားသည်။

သီရိလင်္ကာသမ္မတအား အိန္ဒိယသို့အလည်လာရန်ဖိတ်ကြား

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးတက်ရန်နှင့် ဒေသဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေးရန် သီရိလင်္ကာနိုင်ငံသမ္မတ မဟိန္ဒာရာဂျာပက်သာအား အိန္ဒိယအစိုးရက ဖိတ်ကြားထားကြောင်း အိန္ဒိယအရာရှိများက မတ် ၈ရက်တွင်ပြောကြားသည်။

ဆိုမာလီဓားပြများ ထိုင်းငါးဖမ်းသင်္ဘောကိုပြန်လွှတ်

၂၀၀၉ခုနှစ်အောက်တိုဘာ ၂၉ရက်က ဆိုမာလီနိုင်ငံကမ်းလွန်၌ ဆိုမာလီဓားပြများ အပိုင်စီးခဲ့သော ထိုင်းငါးဖမ်းသင်္ဘောတစ်စင်းကို မတ် ၇ရက်က ပြန်လွှတ်ပေးလိုက်ကြောင်း ထိုင်းအရာရှိများက မတ် ၈ရက်တွင် သတင်းထုတ်ပြန်သည်။

ပြည်တွင်းလုပ်ဒုံးကျည် အီရန်စမ်းသပ်ပစ်လွှတ်

အီရန်စစ်ဘက်က ပြည်တွင်းလုပ် တာတိုပစ်ဒုံးကျည်တစ်စင်းကို စစ်အခြေစိုက်စခန်းတစ်ခုမှနေ၍ မတ် ၈ ရက် နံနက်က အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်လိုက်ကြောင်း အီရန် စစ်ဘက်အရာရှိများက မတ် ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ပါကစ္စတန် လာဟိုးမြို့၌ ဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့အရှေ့ပိုင်းတွင် မတ် ၈ရက် နံနက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၁၁ဦးဒဏ်ရာရရှိသွားကြောင်း၊ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း လာဟိုးမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

ကူဝိတ်နှင့် လက်ဘနွန်စီးပွားရေး ပူးပေါင်းဆောင်ရွက်မည်

ကူဝိတ်နှင့် လက်ဘနွန်နှစ်နိုင်ငံတို့သည် စီးပွားရေးကဏ္ဍတွင် အပြန်အလှန် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်သွားကြရန်နှင့် စက်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားရန် သဘောတူညီမှုများရရှိခဲ့ကြောင်း ကူဝိတ်အရာရှိများက မတ် ၈ရက်၌ သတင်းထုတ်ပြန်သည်။

တူရကီအရှေ့ပိုင်း၌ ငလျင်လှုပ်၊ ၁၇ဦးသေဆုံး

တူရကီနိုင်ငံအရှေ့ပိုင်း ကာရာကိုကန်မြို့အနီးတွင် မတ် ၈ ရက်နံနက်က ရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိသော အင်အားပြင်း ငလျင်လှုပ်မှုကြောင့် နေအိမ်များပျက်စီးကာ ၁၇ဦးသေဆုံးခဲ့ကြောင်း တူရကီအရာရှိများက ပြောကြားသည်။ ***(အပေါ်ပုံ)***

ငလျင်ဒဏ်ခံရသည့် ချီလီ၌ စီးပွားရေးကျဆင်း

ချီလီနိုင်ငံ၌ အင်အားပြင်းငလျင်ဒဏ်ကြောင့် ၎င်းနိုင်ငံ၏ စီးပွားရေးအခြေအနေမှာ မျှော်မှန်းထားသည်ထက် တစ်ရာခိုင်နှုန်းကျဆင်းလျက်ရှိသည်။ ယခုနှစ်အတွင်း ပြည်တွင်းကုန်ထုတ်လုပ်မှုပမာဏသည် ငလျင်ဒဏ်မခံရမီက ငါးရာခိုင်နှုန်းမျှော်မှန်းထားရှိရာ လက်ရှိတွင် လေးရာခိုင်နှုန်းသာ တိုးမြင့်နိုင်မည်ဖြစ်ကြောင်း မတ် ၇ရက်တွင် စီးပွားရေးလုပ်ငန်းအဖွဲ့က ပြောကြားသည်။

(အင်တာနက်)

နေပြည်တော် သပြေကုန်းဈေးသို့ တစ်ခေါက်ရောက်ခဲ့ရာဝယ်....

သတင်းမြင်ကွင်း - ဝင်းကျော် ➢ ဓာတ်ပုံမှတ်တမ်း - သတင်းထောက်ထွန်းဇော်(စမ်းချောင်း) ➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

နေပြည်တော် မတ် ၈

သပြေကုန်းဈေး....။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်ရှိ သပြေကုန်းဈေးမှာ နေပြည်တော်ရှိ သီရိရတနာအဆင့်မြင့်ဈေး၊ မြို့မဈေးတို့နှင့်အတူ အထင်ကရ ဈေးတစ်ဈေးဖြစ်သည်။

တည်ရှိ

သပြေကုန်းဈေးနှင့် မနီးမဝေးတွင် နေပြည်တော် ရေပန်းဥယျာဉ်နှင့် မကြာမီ ဖွင့်လှစ်တော့မည့် အောင်သပြေအဆင့်မြင့် 3D ရုပ်ရှင်ရုံတို့ တည်ရှိသည်။

ရွှေရောင်စာလုံးများဖြင့် ရေးထားသော သပြေကုန်းဈေးအမည်ကို ဈေးအဝင်ဝ မုခ်ဦးလေးဖက်၌ ထင်ထင်ရှားရှား ရေးထားသည်ကို တွေ့ရသည်။ ထူးခြားသည်မှာ ဈေးထောင့်လေးထောင့်၌ အဝိုင်းပုံသဏ္ဌာန် ဆောက်လုပ်ထားခြင်းဖြစ်သည်။

သပြေကုန်းဈေး စည်ပင်သာယာမှုနှင့်ပတ်သက်၍ လုပ်ငန်းများ ဆောင်ရွက်ပုံကို ရှင်းလင်းပြောကြားသော ဈေးတာဝန်ခံ ဦးသက်ခိုင်ဦး။ (မြန်မာ့အလင်း)

သပြေကုန်းဈေးရှိ Asia Light အရောင်းဆိုင်၌ ဝယ်ယူသူများအား ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

သပြေကုန်းဈေးအနီး ဖွင့်လှစ်ထားသော ပွဲရုံဆိုင်ခန်းများက ဤသို့ စီစီရီရီ....။ (မြန်မာ့အလင်း)

သပြေကုန်းဈေးနှင့် ပတ်သက်၍ စိတ်ဝင်စားမှုဖြစ်ပေါ်ခဲ့ရာ ဈေးတာဝန်ခံရုံးသို့ သွားရောက်၍ ဈေးအကြောင်း သိလိုသည်များကို သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်။

ဈေးတာဝန်ခံဖြစ်သည့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဌာနစုမှူး ဦးသက်ခိုင်ဦးက ယခုကဲ့သို့ ဖြေကြားပေးသည် -

"သပြေကုန်းဈေးကို ၂၅-၃-၂၀၀၇ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဈေးရဲ့ ဆိုင်ခန်းပေါင်း အရေအတွက် ၉၇၈ ခန်းရှိပါတယ်။ ဈေးရဲ့ထောင့်တွေမှာ အဆင့်မြင့် ပစ္စည်းများရောင်းချတဲ့ ဖက်ရှင်စတိုးလေးခန်းရှိပါတယ်။ ဈေးရဲ့အနောက်မြောက်ဘက်မှာ Y.K.K.O ကြေးအိုးဆိုင် အပါအဝင် စားသောက်ဆိုင် ၁၀ ခန်းရှိပါတယ်။

တောင်ပေါ်စားသောက်ဆိုင်

ဈေးအနီး ပွဲရုံ ၄၈ ခန်း ဆောက်လုပ်ထားပြီး နောက်ထပ် ၄၈ခန်း ထပ်မံတိုးချဲ့ဆောက်လုပ်ထားပါတယ်။ ဈေးရဲ့အရှေ့မှာ တောင်ပေါ်စားသောက်ဆိုင် ရှစ်ခန်းနဲ့ မြောက်ဘက်မှာ ပုံကျဈေးတန်းရှိပါတယ်။ အခန်းအရေအတွက် ၄၈၀ ရှိပါတယ်။

ပုံကျဈေးတန်းမှာ အနီးဝန်းကျင်ဒေသကထွက်တဲ့ ဟင်းသီးဟင်းရွက် သီးနှံအစုံ အလင် လာရောက်ရောင်းချပေးပါတယ်။ သားငါးတန်း၊ ကုန်ခြောက်တန်း၊ လူသုံးကုန်ပစ္စည်းအစုံ ရောင်းချပါတယ်။

ဈေးရုံကြီးရဲ့ အပြင်တန်းမှာ အခန်း ၁၀၄ ခန်းနဲ့ အတွင်းတန်းမှာ ၁၀၄ ခန်း ဖွင့်လှစ်ရောင်းချပေးပါတယ်။ ဆိုင်ခန်းတစ်ခန်းရဲ့ အကျယ်အဝန်းက ၁၀ပေ× ၁၂ပေ ရှိပါတယ်။ လူသုံးကုန်၊ အိမ်သုံးကုန်ပစ္စည်းအရောင်းဆိုင်၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ် ပစ္စည်းအရောင်းဆိုင်၊ စာရေးကိရိယာဆိုင်၊ ဖက်ရှင်အသုံးအဆောင်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိပါတယ်"ဟု ဈေးအတွင်း ဆိုင်ခန်းများ ဖွင့်လှစ်ထားမှု၊ ဈေးရောင်းချမှု အခြေအနေတို့ကို ဖြေကြားပေးသည်။

ရှင်းလင်းသိမ်းဆည်း

ဈေး၏သန့်ရှင်းရေးနှင့် ပတ်သက်၍လည်း ဈေးအတွင်းအပြင်၌ အမှိုက်ပုံးကြီးများထားရှိပြီး အမှိုက်စွန့်ပစ်စေခြင်း၊ ဈေးအဖွဲ့ပိုင် ကားတစ်စီးဖြင့် တစ်နေ့နှစ်ကြိမ် ရှင်းလင်းသိမ်းဆည်းကြောင်း သိရသည်။

သည့်အတွက် ဈေးအတွင်းအပြင်ရှိ ကျယ်ပြန့်သော စင်္ကြံလမ်းများ၌ အမှိုက်များ ကင်းစင်ကာ သန့်ရှင်းနေသည်ကို တွေ့မြင်ရသည်။ ဈေး၌ ရေစက်နှစ်လုံးရှိပြီး ဂါလန် ၂၀၀၀၀စီဆံ့ ရေကန်နှစ်ကန်ရှိကြောင်း၊ ထိုရေကန်များမှ ရေယူသုံးစွဲကြောင်း သိရသည်။

မီးဘေးကာကွယ်ရေး

ဈေး၏ မီးဘေးကြိုတင်ကာကွယ်မှုအနေဖြင့် ဆိုင်ခန်းများ၊ ပွဲရုံ၊ စားသောက်ဆိုင်များ၌ မီးသတ်ဆေးဘူး ထားရှိစေခြင်း၊ မီးသုံးစွဲမှု စနစ်တကျရှိရန် စစ်ဆေးခြင်း၊ မီးလောင်မှုနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရန် သက်ဆိုင်ရာ မြို့နယ်မီးသတ်နှင့်ပူးပေါင်း၍ ပညာပေးဟောပြောခြင်း၊ မီးငြိမ်းသတ်မှု သရုပ်ပြသခြင်းများ ပြုလုပ်ကြောင်း၊ ဈေးအတွင်း၊ အပြင်၌ မီးသတ်ရေငုတ်များရှိကြောင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ပုံများကို သိရသည်။

ဈေး၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းအင်အားမှာ ပုတ်ပြတ် ၁၂ဦး၊ နေ့စား ၂၇ဦးနှင့် အမြဲတမ်းဝန်ထမ်း ငါးဦး ရှိကြောင်း သိရသည်။ ပုတ်ပြတ် ၁၂ဦးက ဈေး၏ သန့်ရှင်းရေးနှင့်ပတ်သက်၍ လုပ်ကိုင်ကြောင်း၊ ဈေးဖွင့်ချိန်မှာ နံနက် ၆နာရီမှ ညနေ ၆နာရီအထိဖြစ်သည်။

ပတ်ဝန်းကျင်

ဈေးပတ်ဝန်းကျင်၌ သပြေကုန်းရပ်ကွက်၊ ကွံကော်အိမ်ရာ၊ နေပြည်တော် စည်ပင်သာယာရေးအိမ်ရာနှင့် ရွှေကြာပင်ကွက်သစ်တို့ရှိကြောင်း သိရသည်။

ရထားလက်မှတ်

ဈေးအတွင်း၌ ရန်ကုန်နှင့် မန္တလေးသို့ သွားလိုသူ ခရီးသည်များအတွက် မြန်မာ့မီးရထားမှ လက်မှတ်အရောင်းဌာန ဖွင့်လှစ်ထားသည်ကိုလည်း တွေ့မြင်ရသည်။

နံနက်ပိုင်းတွင် အပြင်ပုံကျဈေးတန်း၌ ဈေးဝယ်စည်ကားမှုရှိသည်။ ဈေး၏ အပြင်ပတ်လည်၌ ကျယ်ဝန်းသော ကားရပ်နားရန် နေရာများရှိသည်။ ဖက်ရှင်အသုံးအဆောင်ဆိုင်များ၌ ခေတ်မီ အသုံးအဆောင်ပစ္စည်းများ ပြသရောင်းချထားသည်။ ဈေးထောင့်ရှိ Asia Light အရောင်းခန်းမ၌ ကုန်ပစ္စည်းမျိုးစုံ ခင်းကျင်းပြသထားသည်မှာ ဝယ်ယူချင်စရာ ဆွဲဆောင်မှုရှိသည့်အတွက် ဈေးဝယ်သူများဖြင့် မပြတ်ရှိနေသည်ကို တွေ့ရသည်။

ဖွံ့ဖြိုးစည်ပင်သော လူနေမှုဝန်းကျင်တွင် ကုန်ပစ္စည်းရောင်းဝယ်ဖောက်ကားသော ဈေးများ၏ ဝန်ဆောင်မှုလုပ်ငန်းများလည်းပတ်လုပ်ကိုင်နိုင်မှုက အရေးပါလှပေရာ သပြေကုန်းဈေးရောက်ရှိခိုက် စေ့ငုသိရှိသမျှ တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ရွှေရောင်စာလုံးများဖြင့် ရေးထိုးထားသော နေပြည်တော် သပြေကုန်းဈေးမုခ်ဦးကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

အခွန်ထမ်းပြည်သူများအား လုပ်ငန်းစီမံချက်ရှင်းလင်း

နေပြည်တော် မတ် ၈

နေပြည်တော် ပျဉ်းမနားအတွင်း ရောင်းချနေသည့် အခွန်ထမ်းဆိုင်များ အခွန်ပေးဆောင်စေ၍ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပြီး တရားဝင်ရောင်းချစေရန်အတွက် လုပ်ငန်းရှင် အခွန်ထမ်းပြည်သူများအား လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်းကို မတ် ၅ ရက် နံနက် ၉ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံချက် (OSS)အဖွဲ့ဝင်များနှင့် လုပ်ငန်းရှင် ၅၅ ဦး တက်ရောက်ခဲ့ပြီး နေပြည်တော်ခရိုင် အခွန်ဦးစီးဌာနမှူး ဦးဝင်းညွန့်နှင့် မြို့နယ်အခွန် ဦးစီးဌာနမှူး ဦးမင်းနိုင်ဦးတို့က ရှင်းလင်းဆွေးနွေးကြသည်။ (ဝဲပုံ)

(မြန်မာ့အလင်း)

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မတ် ၁ရက်က သာသနာရေးဝန်ကြီးဌာနမှ ဗဟန်းမြို့နယ် ဓီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ လှူဒါန်းသော အလှူငွေကျပ်ငါးသိန်း၊ သင်္ကန်းနှင့် ဆေးဝါးပစ္စည်းများကို သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက ဗိုလ်မှူးချုပ်တင့်ဆွေ(ငြိမ်း)နှင့် ဥက္ကဋ္ဌ ဦးမောင်မောင်တို့က လက်ခံယူစဉ်။ (သတင်းစဉ်)

(၆၅)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၃။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုစွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ် တိုက်ဖျက်ရေး။

၄။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော် တည်ဆောက်ရေး။

(၆၅)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၈

၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၈)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ပဉ္စမနေ့အဖြစ် ယနေ့နံနက် ဖနာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၇) တည်းခိုရေးစခန်း (ရွာတော်)၌ ဆက်လက်ကျင်းပရာ စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ဝင်ရောက်ယှဉ်ပြိုင်

ယင်းပြိုင်ပွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၂) အသင်း၊ အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၃) အသင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ(၂) အသင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းတပ်ခွဲ(၃) အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာဂေါက်သီးရိုက်အသင်း နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၈

မြန်မာဂေါက်သီးရိုက်အသင်း၏ နှစ်စဉ်ကျင်းပလျက်ရှိသော နှစ်ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို မတ် ၁၉ရက်၊ ၂၀ရက်နှင့် ၂၁ရက်တို့တွင် မြန်မာဂေါက်သီးရိုက်အသင်း (၉)မိုင် ပြည်လမ်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

ယှဉ်ပြိုင်ခွင့်ရှိ

အဆိုပါပြိုင်ပွဲများအနက် မတ် ၁၉ရက်တွင် အသက် (၆၀-၇၀) တစ်တန်း၊ အသက် (၇၀အထက်)တစ်တန်း၊ အသက်(၈၀အထက်)တစ်တန်း:Veteran ဂေါက်သီးရိုက်ပြိုင်ပွဲများကိုလည်းကောင်း၊ မတ်၂၀ရက်တွင် Gold, Silver, Bronze အတန်း (၃)တန်း ဂေါက်သီးရိုက်ပြိုင်ပွဲများကိုလည်းကောင်း ကျင်းပမည်ဖြစ်ရာ အသင်းသားများ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

မတ်၂၁ရက်တွင် ဂေါက်သီးကစားခြင်းနှင့် စပ်လျဉ်းသော ပျော်ပွဲရွှင်ပွဲများကျင်းပပြီး ညနေပိုင်းတွင် ဆုချီးမြှင့်မည့် အခမ်းအနားကို ကျင်းပမည်ဖြစ်၍ ညပိုင်းတွင်ဧည့်ခံ ကျွေးမွေးရေးနှင့် တေးဂီတဖျော်ဖြေရေးအစီအစဉ်များပါဝင်ကာ အသင်းသား အသင်းသူမိသားစုများ လာရောက်ဆင်နွှဲနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ် (၄၆) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုအေးက တတိယတန်းတွင် ဘက်စုံထူးချွန် ပထမဆုရ မတာတာအောင်အား ဆုချီးမြှင့်ပေးအပ်စဉ်။ (ပညာရေး)

သာစည်-မြို့ဟောင်း လော်ကယ်ရထားနှင့် ကားရထားတို့ မတော်တဆတိုက်မှုဖြစ်ပွား

နေပြည်တော် မတ် ၈

သာစည်-မြို့ဟောင်း အမှတ်(၂၃) အဆန်လော်ကယ်ရထားနှင့် ကားရထားတစ်စီးတို့သည် မတ်၇ရက် နံနက်ပိုင်းတွင် သာစည်ဘူတာအလွန် ရွာပုလဲဘူတာနှင့် ဟံဇားဘူတာအကြား မိုင်တိုင်အမှတ် ၃၁၄/၂ နှင့် ၃ ၌ မတော်တဆတိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်တွင် ခရီးသည် သုံးဦး သေဆုံးခဲ့ပြီး ခရီးသည် ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူများအနက် ခုနစ်ဦးမှာ ဆေးရုံမှဆင်းပြီးဖြစ်ကြောင်း၊ ကျန်သုံးဦးမှာ သာစည်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဆက်လက်ကုသမှု ခံယူနေဆဲဖြစ်ကြောင်းနှင့် စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရသည်။

ဒဏ်ရာရရှိသူများကို သက်ဆိုင်ရာက လိုအပ်သည့်အကူအညီများ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါဖြစ်စဉ်ဖြစ်ပွားရခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာက စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ်ထွက်ပြီ

ရန်ကုန် မတ် ၈

မြန်မာသင်္ဘောသား ၂၃ ဦးပါသော နော်ဝေနိုင်ငံပိုင် ဓာတုဗေဒနှင့် ရေနံတင်သင်္ဘောတစ်စင်းအား ဆိုမာလီပင်လယ်ဓားပြများ ပြန်ပေးဆွဲ သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၁၉)ကို ယနေ့ဖြန့်ချိလိုက်သည်။

ထုတ်ဝေဖြန့်ချိ

စင်ကာပူသွား အလုပ်လုပ်လိုသူများ ပညာသင်လိုသူများအတွက် အထူးသတိပြုဆောင်ရန်ရှောင်ရန်များ၊ ဈေးကွက်ပျက်နေသည့် အနေအထားမှ ဈေးကွက်ပျောက်သွားသည်အထိ ဖြစ်သွားနိုင်သော မြန်မာ့ဗီဒီယိုလောက၊ စိန်ဈေးကွက်အတွင်း ဒုတိယအကြိမ်ဝင်ရောက်လာတဲ့ ကိုရီးယားစိန်အတုများ၊ မြန်မာနိုင်ငံတွင် ရွှေကြောအသစ်များ ထပ်မံတွေ့ရှိသောကြောင့် ရွှေတူးဖော်ရေးကုမ္ပဏီများသို့ တူးဖော်ခွင့်ပေးအပ်၊ ရန်ကုန်မြို့နှင့် ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့တော် တိုက်ရိုက်လေကြောင်းပျံသန်းမှုစတင်၊ ဘီလားငါးများဈေးကွက်အတွင်းသို့ ထိုးဖောက်ဝင်ရောက်နေ ထိုင်းနိုင်ငံမှ အဓိကမှာယူမှုပြုလုပ်လာ၊ MCLC ကလပ်မှ စင်တင်တေးဂီတပါသည့် စားသောက်ဆိုင်များကို တေးသီချင်းအသုံးပြုခ ကောက်ခံတော့မည်၊ သက်တမ်းတိုးရန် ပျက်ကွက်သည့် ရွှေ့ပြောင်းလုပ်သားငါးသိန်းခန့်ကို နေရပ်သို့ပြန်ပို့မည်ဟု ထိုင်းအစိုးရပြောကြား၊ ဟိုတယ်များတွင် ကျောက်မျက်ပွဲတော်ကြောင့် ဧည့်သည်များပြည့်နေ၊ မြန်မာနိုင်ငံကမ်းလွန် သဘာဝဓာတ်ငွေ့စီမံကိန်းများတွင် အိန္ဒိယကုမ္ပဏီနှစ်ခုက ဒေါ်လာ ၁ ဒသမ ၃၃ ဘီလီယံထပ်မံရင်းနှီးမြှုပ်နှံ၊ ရေချိုပုစွန် ဂျပန်နိုင်ငံနှင့်ဩစတြေးလျနိုင်ငံတို့မှ ကမ်းလှမ်းမှုများရှိလာ၊ အပျော်စီးသံလွင်သင်္ဘောကြီးဖြင့် ၂၀၁၀ သင်္ကြန်ခရီးစဉ်ပို့ဆောင်မည်၊ နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ဒီဇယ်ဆီနှင့် ဓာတ်ဆီများ တာချီလိတ်နှင့် မြဝတီမြို့များတွင် တင်သွင်း၊ လက်ရွေးစင်အသင်းတွင် ကစားရန်ငြင်းဆန်သည့် မည်သည့်ကစားသမားမဆို ကစားခွင့်ပိတ်ပင်ခံရမည်ဖြစ်၊ မေတ္တာဝတီအခမဲ့မျက်မမြင်ပညာသင်ကျောင်း စစ်တွေမြို့တွင်ဖွင့်လှစ်၊ မြန်မာ့လက်သီး အစွမ်းပြသွားခဲ့ကြတဲ့ မြန်မာ-ထိုင်းလက်ဝှေ့စိန်ခေါ်ပွဲ၊ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အီရန်နှင့်မကြာမီဖြစ်နိုင်သည့် စစ်ပွဲအတွက် အမေရိကန်ပြင်ဆင်၊ အနောက်ဘက်ကမ်းတွင်စီးနင်းတိုက်ခိုက်မည့်အကြံ စစ်သားက အင်တာနက်တွင်ဖော်ပြခဲ့၍ ဖျက်သိမ်းရ၊ ဘင်လာဒင်ဘယ်ရောက်နေသည်ကို ပါကစ္စတန်ထောက်လှမ်းရေးများသိ စသည့် နောက်ဆုံးရပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိသည်။ (သတင်းစဉ်)

ပုလဲမြို့နယ် မိုးကောင်းကျေးရွာ၌ မီးလောင်ကျွမ်းမှုဖြစ်ပွား

နေပြည်တော် မတ် ၈

စစ်ကိုင်းတိုင်း ပုလဲမြို့နယ် မိုးကောင်းကျေးရွာ၌ မတ် ၄ ရက် ညနေပိုင်းတွင် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းပြီး နေအိမ် ၁၅လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးဘေးသင့် အိမ်ထောင်စု ၁၅ စုတို့ကို ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ နေရာချထားပေးပြီး တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီပံ့ပိုးဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

ကြက်ငှက်တုပ်ကွေးရောဂါသိဖွယ်ရာ မှော်ဘီမြို့နယ်တွင် ပညာပေးဟောပြော

ရန်ကုန် မတ် ၈

ရန်ကုန်တိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် FAO တို့ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မတ် ၆ရက် နံနက် ၁၀နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား မှော်ဘီမြို့နယ် ဒုတိယရဲမှူး သိန်းထွန်းဦး(ယာပုံ) က အဖွင့်အမှာစကား ပြောကြားသည်။

ဟောပြော

ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သုတေသနအရာရှိ ဒေါက်တာမြင့်မြင့်သန်းက ကြက်ငှက်တုပ်ကွေးရောဂါနှင့် အခြားကြက်ရောဂါများနှင့် ပတ်သက်၍လည်းကောင်း၊ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာရန်နိုင်စိုးက ထိရောက်သော ရောဂါထိန်းချုပ်မှုနှင့် အရေးယူဆောင်ရွက်ချက်များကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါက်တာသန်းဦးက ကြက်မွေးမြူထုတ်လုပ်ရေးနှင့် ဇီဝလုံခြုံရေးဆိုင်ရာ သိကောင်းစရာများ ဟောပြောကြသည်။ (မြို့နယ် ပြန်/ဆက်)

နေပြည်တော်လယ်ဝေးမြို့နယ် ရဲတပ်ဖွဲ့စခန်း ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ကြည့်ရှုစစ်ဆေး

ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး နေပြည်တော်လယ်ဝေး မြို့နယ် ရဲတပ်ဖွဲ့စခန်းတွင် တပ်ဖွဲ့ဝင်များအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၈

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် ယမန်နေ့တွင် နေပြည်တော်လယ်ဝေး မြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ သွားရောက်၍ တပ်ဖွဲ့ဝင်မိသားစုများအတွက် နေအိမ်လိုင်းခန်း ဆောက်လုပ်ရာနေရာများကို ကြည့်ရှုစစ်ဆေးပြီး တပ်ဖွဲ့ဝင်မိသားစုများအား တွေ့ဆုံကာ အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ပြည်လုံး၌ အများအားဖြင့်သာယာမည်

နေပြည်တော် မတ် ၈

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှ အပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ဒီဂရီစင်တီဂရိတ်နှင့် မင်းဘူးမြို့တွင် ၄၁ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

၂၀၁၀ခုနှစ် မတ် ၉ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တို့တွင် ယနေ့ သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

* *ကျောဖုံးမှ*

အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်)သို့ ရောက်တော့ နံနက် ၈နာရီပင် ရှိသေး၏။ အရှေ့ရပ်ဝန်းဆီ ရှမ်းရိုးမတောင်စွယ်များကြားမှ ပြူထွက်လာသော နေဝန်းနီနီ၏ အလင်းတန်းများ ပြေးဆင်းလာ၍ ကမ္ဘာလာမြက်ခင်းစိမ်းမှာ ပိုပြီး လင်းလက်သွား၏။ ပတ်ဝန်းကျင် တစ်ခွင်လုံးမှာလည်း မြန်မာနိုင်ငံအတွင်းမှာရှိသည့် ဒေသအထိမ်းအမှတ် အဆောက်အအုံများ၊ စေတီပုထိုးများ၊ လမ်းတံတားများ၊ မြစ်ချောင်းအင်းအိုင်များနှင့် ကစားစရာနေရာများကြောင့် တကယ့်အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ကြီးပင် ဖြစ်နေပေတော့သည်။

ဟိုတယ်လုပ်ငန်း တိုးတက်အောင်မြင်ရေး ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ဟိုတယ်လုပ်ငန်း တိုးတက်အောင်မြင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ ပညာရှင်များ ဟောပြောပွဲကို ကျင်းပလျက်ရှိရာ Tharabar Gate နှင့် Mount Pleasant Hotel တို့၏ ပံ့ပိုးကူညီမှုဖြင့် မတ် ၁၂ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၃၈လမ်းထောင့်ရှိ Asia Plaza Hotel ၌ စာရေးဆရာ ချစ်ဆွေမြင့်က ဟိုတယ်ဖွဲ့စည်းပုံနှင့် ဈေးကွက်အကြောင်းခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပြီး မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း ဖုန်း-၅၅၄၉၈၀၊ ၅၅၄၉၈၁နှင့် ၅၅၄၉၈၄တို့သို့ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒီရေတောစုပေါင်းစိုက်ပွဲ လောင်းလုံး၌ ကျင်းပ

လောင်းလုံး မတ် ၈

ဒီရေတောစုပေါင်းစိုက်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက် နံနက် ၈နာရီက ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ပန်းတင်အင်း ကျေးရွာ၌ ကျင်းပရာ ထားဝယ်ခရိုင် ငါးလုပ်ငန်း ဦးစီးမှူး ဦးအေးနိုင်၊ လောင်းလုံးမြို့နယ်ဥက္ကဋ္ဌ ဦးစိန်လှနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသူများအား စိုက်ပျိုးမည့် လမုပျိုးပင်များကိုပေးအပ်ကြသည်။ **(အောက်ပုံ)**

ထို့နောက် သတ်မှတ်ထားသည့် နေရာများ၌ စိုက်ပျိုးကြရာ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။ ဒီရေတော စုပေါင်းစိုက်ပျိုးပွဲတွင် လမုပင် ၅၀၀၀ကို ဒီရေတောစိုက်ခင်း ၁၀ဧက၌ စိုက်ပျိုးကြသည်။

(မြို့နယ် ပြန်/ဆက်)

လုပ်ငန်းကျွမ်းကျင်မှုသင်တန်း နေပြည်တော်လယ်ဝေး၌ ဖွင့်

နေပြည်တော် မတ် ၈

နေပြည်တော်လယ်ဝေး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ကြီးမှူး ဖွင့်လှစ်သော ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ လုပ်ငန်း ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲကို ဖောင်တော်ချက်မ ဘုရားရင်ပြင် နဂါးတန်ဆောင်း၌ မတ် ၃ရက် နံနက် ၉နာရီက ကျင်းပသည်။

ဆွေးနွေးပို့ချ

အခမ်းအနားတွင် နေပြည်တော် လယ်ဝေး မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လွင်က သင်တန်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြေစာရင်းဦးစီး ဌာနနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တို့မှ တာဝန်ရှိသူများက မိမိတို့ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး ပို့ချသည်။

စီစဉ်ဆောင်ရွက်

သင်တန်းသို့ နေပြည်တော် လယ်ဝေး မြို့ပေါ် ကိုးရပ်ကွက်မှ သင်တန်းသား ၂၇၃ဦး တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၃-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**ကိုယ်သာနာ၍စိတ်မနာပါစေနှင့် ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
၆:၄၅	သမိုင်းထဲကမင်းကွန်း လင်းလွန်းသည့်သာသနာ
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၄)
၈:၃၀	Sports World(Trial Part-3)
၈:၅၅	Activities in the City (အခြေခံပညာ ကာယပညာ ဆရာ ဆရာမများ သက်ကြီးပူဇော်ပွဲ)
၉:၁၀	ရိုးရှင်းသောပုံရိပ်တို့မှသည်
၉:၃၀	Cartoon Show Time (Lilo & Stitch)
၁၀:၁၅	မြို့ပြကျန်းမာရေး (ဒေါက်တာခင်မောင်လွင်)
၁၀:၄၅	ဟိုတယ်လမ်းညွှန် (Mandalay Swan Hotel)
၁၁:၀၅	အထက(၂)စမ်းချောင်း ပြည်ထောင်စုနေ့အကြို ပဒေသာကပွဲအမှတ်တရ
၁၁:၂၅	Activities in the City
-	B.D.S ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ
-	တွံတေးမြို့နယ် အထက(ကံဘဲ့) မြတ်ဆရာပူဇော်ပွဲ
၁၂:၀၀	သင်ကြားရေးလမ်းညွှန် (Professional Studies စီးပွားရေး စီမံခန့်ခွဲမှုအထူးပြုသင်တန်း)
၁၂:၂၅	အမြဲလိုခြုံစိတ်ချစေမှာ ဂျက်စီကာ
၁၂:၃၅	နှယ်မြက်သစ်ပင်ဆေးဖက်ဝင် **ထူး** တိုင်းရင်းဆေးလည်းပါဝင်
၁၂:၄၅	**အိမ်တွင်းပုန်းများမကြည့်ရ** နေတိုး၊ သက်မွန်မြင့် (ဒါရိုက်တာ-ဇာဇာထက်လင်း)
၁:၀၀	**ကိုယ်သာနာ၍စိတ်မနာပါစေနှင့် ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	Fashion Music Festival (Hip Hop ကမ်းခြေ-၂)

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အ... ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်း... မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြ...

Barclays Premier League

နံနက်ပိုင်း	ပွဲစဉ်
၂:၁၀	Portsmouth-Birmingham Sunderland-Bolton

လယ်ယာစပါး ပြည့်... တားဆီးကာကွယ် မ...

The Hurt Locker ရုပ်ရှင်ဇာတ်ကား အော်စကာဆု ခြောက်ဆု ဆွတ်ခူးနိုင်ခဲ့

ကယ်လီဖိုးနီးယား မတ် ၈

(၈၂)ကြိမ်မြောက် အော်စကာ ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို မတ် ၇ရက်က ဟောလီးဝုဒ်၌ ကျင်းပခဲ့ရာ အကောင်းဆုံးဇာတ်ကားဆုကို **The Hurt Locker** ဇာတ်ကားက ဆွတ်ခူးသွားခဲ့သည်။

အကောင်းဆုံး ဒါရိုက်တာဆုကိုတော့ The Hurt Locker ဇာတ်ကားရိုက်ကူးခဲ့သည့် **ကက်သရင်းဘီဂျီလိုး**က ဆွတ်ခူးရရှိခဲ့သည်။ ၄င်းသည် အော်စကာရုပ်ရှင်ထူးချွန်ဆု သမိုင်းတွင် ပထမဆုံး အမျိုးသမီးဒါရိုက်တာ ဖြစ်လာသည်။ သူသည် အီရတ်ဒရာမာကားအဖြစ် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

အကောင်းဆုံး အမျိုးသားသရုပ်ဆောင်

အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုကိုတော့ Crazy Heart ဇာတ်ကားမှ မင်းသားကြီး **ဂျက်ဖ်ဘရိုက်ဂျက်**က ဆွတ်ခူးရရှိသွားခဲ့သည်။

ကက်သရင်းဘီဂျီလိုး

The Hurt Locker ဇာတ်ကားဖြင့် အကောင်းဆုံး ဇာတ်ကားဆုနှင့် အကောင်းဆုံး ဒါရိုက်တာဆု ဆွတ်ခူးသွားသော ကက်သရင်းဘီဂျီလိုးအား အော်စကာဆုများနှင့်အတူ တွေ့ရစဉ်။ (အင်တာနက်)

ကောင်းမြတ်သူ ရှာဖွေတင်ပြသည်

အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု

အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆုကိုတော့ The Blind Side ဇာတ်ကားမှ **ဆန်ဒရာဘူးလ်လော့**က ဆွတ်ခူးရရှိသည်။

အကောင်းဆုံးဇာတ်ပို့ဆု

အကောင်းဆုံး ဇာတ်ပို့အမျိုးသားသရုပ်ဆောင်ဆုကိုတော့ Inglourious Basterds ဇာတ်ကားမှ **ခရစ္စတိုဝပ်ဇ်**က ဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသမီးဇာတ်ပို့ဆု

အကောင်းဆုံး ဇာတ်ပို့အမျိုးသမီးသရုပ်ဆောင်ဆုကို Precious ဇာတ်ကားမှ **မိုနီကွဲ**က ဆွတ်ခူးသွားသည်။



Inglourious Basterds ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆု ဆွတ်ခူးသွားသော ခရစ္စတိုဝပ်ဇ်အား အော်စကာဆုနှင့်အတူ ဤသို့တွေ့ရသည်။ (အင်တာနက်)

အကောင်းဆုံး နိုင်ငံခြားရုပ်ရှင်ဆု

အကောင်းဆုံး နိုင်ငံခြားရုပ်ရှင် ဇာတ်ကားဆုကို အာဂျင်တီးနား ရုပ်ရှင်ကားဖြစ်သည့် **EL Secreto de Sus Ojos-The Scret in Their Eyes** ဇာတ်ကားက ဆွတ်ခူးနိုင်ခဲ့သည်။

The Hurt Locker

အကောင်းဆုံး ဇာတ်ညွှန်းဆု၊ အကောင်းဆုံး အသံရောနှောဆု၊ အကောင်းဆုံး အသံတည်းဖြတ်ဆု၊

The Blind Side ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆု ဆွတ်ခူးသွားသော ဆန်ဒရာဘူးလ်လော့အား အော်စကာဆုဖြင့်အပြုံး....။ (အင်တာနက်)

ဂျက်ဖ်ဘရိုက်ဂျက်

Crazy Heart ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆု ဆွတ်ခူးသွားသော ဂျက်ဖ်ဘရိုက်ဂျက်အား အော်စကာဆု ကိုင်မြှောက်လျက်....။ (အင်တာနက်)

အကောင်းဆုံး ဖလင်တည်းဖြတ်ဆုတို့ကို **The Hurt Locker** ဇာတ်ကားကပင် ဆွတ်ခူးရရှိသွားသည်။ ။

(အင်တာနက်)

✻ ကျောဖုံးမှ

အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်)သို့ ရောက်တော့ နံနက် ၈နာရီပင် ရှိသေး၏။ အရှေ့ရပ်ဝန်းဆီ ရှမ်းရိုးမတောင်စွယ်များကြားမှ ပြူထွက်လာသော နေဝန်းနီနီ၏ အလင်းတန်းများ ပြေးဆင်းလာ၍ ကမ္ဘာလာမြက်ခင်းစိမ်းမှာ ပိုပြီး လင်းလက်သွား၏။ ပတ်ဝန်းကျင် တစ်ခွင်လုံးမှာလည်း မြန်မာနိုင်ငံအတွင်းမှာရှိသည့် ဒေသအထိမ်းအမှတ် အဆောက်အအုံများ၊ စေတီပုထိုးများ၊ လမ်းတံတားများ၊ မြစ်ချောင်းအင်းအိုင်များနှင့် ကစားစရာနေရာများကြောင့် တကယ့် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ကြီးပင် ဖြစ်နေပေတော့သည်။

ကချင်ပြည်နယ်

ဦးစွာရောက်ခဲ့သည့် နေရာကား ကချင်ပြည်နယ် ပြကွက်ပင်ဖြစ်သည်။ ကချင် ပြကွက်သည်ကား ကချင်ပြည်နယ်ရှိ ကချင်ရိုးရာအိမ်များနှင့် အမှတ်တရ ပစ္စည်းအရောင်းဆိုင်များ ရှိသည်။ ကချင်အစားအသောက်များလည်း ရောင်းချပေးသည်။ ကချင်ပြည်နယ်မှ တကူးတက သယ်ယူလာပြီး ရောင်းချပေးသော ကချင်ဒေသ ထွက်ကုန်ပစ္စည်းများကို ကချင်ပြကွက်၌ ရောင်းချပေးသည်။ အထူးသဖြင့် ဆေးဖက်ဝင် သစ်ဥသစ်ဖုများဖြစ်သည့် ခန်းတောက်နှင့် မချစ်ဥဆေးမြစ်များဖြစ်သည်။

ဤပြကွက်အတွင်း စကိတ်ကွင်းတစ်ခုကိုလည်း သစ်လွင်လှပစွာ တွေ့ရသည်။ ယင်းနှင့်မလှမ်းမကမ်းတွင် ခါကာဘိုရာဇီတောင်ကို တည်ဆောက်နေသည်။ ထိုပြကွက်အတွင်း စကိတ်ကွင်း တည်ဆောက်ထားမှုနှင့် စပ်လျဉ်းပြီး ထူးကုမ္ပဏီများအုပ်စု ကချင်ပြည်နယ်ပြကွက် ဒုတိယ အထွေထွေမန်နေဂျာ ဦးသန်းညွန့်က ဤသို့ ရှင်းပြ၏။

"ကျွန်တော်တို့ဒီပြကွက်အတွင်းမှာ Outdoor နဲ့ Indoor စကိတ်ကွင်းဆိုပြီး နှစ်မျိုးရှိပါတယ်။ Outdoor စကိတ်ကွင်းကတော့ ယခုမြင်တဲ့အတိုင်း ပြီးစီးနေပါပြီ။ Indoor စကိတ်ကွင်းကတော့ ခါကာဘိုရာဇီတောင်အတွင်းထဲမှာ ဖြစ်ပါတယ်။ Outdoor စကိတ်ကွင်းကို ရန်ကုန်မြို့ သုဝဏ္ဏစကိတ်ကွင်းမှာ စီးနေတဲ့ လူငယ်လူရွယ်တွေ လာရောက်စီးနေပါပြီ။ သင်တန်းတွေလည်းပေးဖို့ ရှိပါတယ်။ နေပြည်တော်စကိတ်ကွင်း အသင်းလည်း ဖွဲ့ဖို့ ရှိပါတယ်။ ဒီကမှ တစ်ဆင့် စကိတ်စီးကျွမ်းကျင်တဲ့ လူငယ်လူရွယ်တွေဟာ ခါကာဘိုရာဇီတောင်အတွင်းထဲမှာလုပ်ထားတဲ့ ရေခဲပြင်စကိတ်ကို စီးနိုင်မှာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ စကိတ်စီး အားကစားသမား လူငယ်တွေ ဖိတ်ခေါ်ပြီး ပြိုင်ပွဲတွေ လုပ်ပေးဖို့လည်း ရှိပါတယ်" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

မကွေးတိုင်း ပြကွက်၌ **Bumper Boat** များနှင့် ပျော်ရွှင်စွာ ကစားကြသူများဖြင့် စည်ကားနေသည်မှာ....။ (မြန်မာ့အလင်း)

ရခိုင်ပြည်နယ်

ထိုမှဆက်လက်၍ ရခိုင်ပြည်နယ် ပြကွက်သို့ ရောက်ခဲ့သည်။ ဤပြကွက်သည် ရခိုင်ပြည်နယ်၏ ဒေသအထိမ်းအမှတ်များဖြစ်သည့် သျှစ်သောင်းပုထိုး၊ ကိုးသောင်းပုထိုးနှင့် စစ်တွေပွိုင့်တို့ကို တွေ့ရလေသည်။ စစ်တွေမြို့ ပြကွက်မှကြည့်လျှင် အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်)၏အလှကို အပေါ်စီးမှ တွေ့ရသည်။

ရခိုင်ပြည်နယ် ပြကွက်တွင် စစ်တွေမြို့ Foodshop ရှိသည်။ ယင်း Foodshop တွင် ရခိုင်ပြည်နယ်၏ အဓိက အစားအစာများဖြစ်သည့် ရခိုင်မုန့်တီ၊ ကြက်သောက်ဆမ်း(ရခိုင်)၊ ငါးသောက်ဆမ်း၊ ကျောက်ပွင့်သုပ်၊ ရေရှူသုပ်နှင့် ငါးနီတူသုပ်များ ရရှိကြောင်း သိရသည်။

အပန်းဖြေကစားစရာများအဖြစ် Floating Ballet ကို ဖွင့်လှစ်ပေးထားသည်။ ယင်းမှာ လူငယ်လူရွယ်များ စီးနင်းလိုက်ပါနိုင်သည့် ချားရဟတ်တစ်မျိုးဖြစ်သည်။ ထို့ပြင် စွန့်စားမှုကို စိတ်အားထက်သန် သူများအတွက် ရန်သူများနှင့် အပြန်အလှန် ပစ်ခတ်ကစားရမည့် World of War Craft Ride ဟု အမည်ပေးထားသော ကစားစရာ၊ ရေလှိုင်းများနှင့် ဆော့ကစားနိုင်ပြီး ပင်လယ်ကမ်းခြေသို့ ရောက်ရှိနေသကဲ့သို့ ခံစားရမည့် Wave Machine ပြကွက်တို့ကို ဆက်လက်ဆောင်ရွက်နေပြီဖြစ်သည်။

မကွေးတိုင်း

မကွေးတိုင်း ပြကွက်အတွင်း Bumper Boat အပျော်စီးလှေများ စီစဉ်ထားမှုမှာ ပရိသတ်များအား အကြိုက်တွေ့စေခဲ့သည်။ ပေ ၈၀ ကျယ်ဝန်းသည့် ရေကန်ငယ်အတွင်း အပျော်စီးစက်လှေများ စီးကြခြင်းပင်ဖြစ်သည်။ တစ်ဦးလျှင်ငွေကျပ် ၁၀၀၀နှုန်းဖြင့် ငါးမိနစ်ကြာ စီးခွင့်ရှိကြောင်း မကွေးတိုင်းပြကွက် တာဝန်ခံ ဦးအောင်မျိုးဦးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

မန္တလေးတိုင်း

မန္တလေးတိုင်း ပြကွက်အတွင်းရှိ ပုပ္ပားတောင်ကလပ်နှင့် မှော်ဝင်အိမ်ကြီးမှာ လာရောက်လည်ပတ်ကြသူများအတွက် အကြိုက်တွေ့နေသည်။ ပုပ္ပားတောင်ကလပ်အတွင်း၌ မှော်ဝင်အိမ်ကြီးကို ထည့်သွင်းတည်ဆောက်ထားခြင်းဖြစ်သည်။ မှော်ဝင်အိမ်ကြီးအတွင်း၌ သရဲရုပ်များ ကြောက်မက်ဖွယ်ကောင်းအောင် စီမံပြုလုပ်ထားသည်။ ဝင်ကြေးအဖြစ် တစ်ဦးလျှင် ငွေကျပ် ၅၀၀ ယူကြောင်းသိရသည်။ သို့သော် ကလေးငယ်များနှင့် နှလုံးရောဂါအခံရှိသော သက်ကြီးရွယ်အိုများ မကြည့်သင့်ကြောင်း သတိပေးထားသည်။

ကရင်ပြည်နယ်

ထိုမှဆက်လက်၍ ကရင်ပြည်နယ် ပြကွက်သို့ ရောက်သည်။ ကရင်ပြည်နယ်၏ အမျိုးသားအထိမ်းအမှတ်မှာ ဇွဲကပင်တောင်ဖြစ်၏။ ဇွဲကပင်တောင်အတွင်း၌ သရဲခြောက်သောအိမ်ကြီးဟု အမည်ပေးထားသည့် ပျော်ဖြေရေးပြကွက်ရှိသည်။ သရဲခြောက်သောအိမ်ကြီးသည် ကြောက်စရာ ကောင်းသလို ပျော်စရာလည်း ကောင်းအောင် စီမံပြုလုပ်ထားခြင်း ဖြစ်ပေသည်။

တနင်္သာရီတိုင်းပြကွက်

တနင်္သာရီတိုင်းပြကွက်ရှိ အာကာသဒစ္စကို(UFO)ဖြင့် အပန်းဖြေဆော့ကစားလျက်ရှိသည်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

တနင်္သာရီတိုင်း

တနင်္သာရီတိုင်းပြကွက်၌ အပန်းဖြေ ဆော့ကစားစရာ အများအပြား ရှိသည်။ အာကာသဒစ္စကို(UFO) ဟုအမည်ပေးထားသော စီးစရာတစ်မျိုးမှာလည်း ပရိသတ်များ အကြိုက်တွေ့လှသည်။ ၄င်းမှာခေတ်မီ ကစားကွင်းပင် ဖြစ်သည်။ ထိုပြကွက်၌ Moon Flies ဟုခေါ်သော လမင်းပျံနှင့် Bumper တိုက်ကားများလည်း ရှိသည်။ ဤပြကွက်အတွင်း အပန်းဖြေကစားစရာများစုံလင်သလို မြိတ်မြို့ စားသောက်ဆိုင်၌ မြိတ်ကတ်ကြေးကိုက် အစားအစာလည်းရနိုင်သည်။

ဤအမျိုးသား အထိမ်းအမှတ် ဥယျာဉ်(နေပြည်တော်)သည် ဇေယျာသီရိမြို့ သိုက်ချောင်းလမ်းတွင် တည်ရှိသည်။ ဝင်ကြေးမှာ လူကြီး ကျပ် ၁၀၀၀၊ ကလေး ကျပ် ၅၀၀ ဖြစ်သည်။ ဥယျာဉ်အတွင်း ဘတ်ဂီကားဖြင့် လှည့်လည်ကြည့်ရှုလျှင် တစ်နာရီလျှင် တစ်ဦး ငွေကျပ် ၁၀၀၀နှုန်းဖြစ်သည်။ ဘတ်ဂီကို စီးလုံးငှားပါက တစ်နာရီလျှင် ငွေကျပ် ၅၀၀၀ဖြစ်သည်။

အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်)အတွင်း၌ အခြားသော ပြည်နယ်နှင့်တိုင်းတို့တွင်လည်း စားစရာနှင့် ကစားစရာများ၊ အမှတ်တရ ပစ္စည်းများ ရောင်းချပေးလျက်ရှိသည်။ အထူးသဖြင့် ဖျော်ဖြေရေး အစီအစဉ်များ ထည့်သွင်းထား၍ လာရောက်ကြသည့် ပရိသတ်များသည် တစ်နိုင်ငံလုံးရှိ အမျိုးသား အထိမ်းအမှတ်များ ကြည့်ရှုလေ့လာနိုင်မည့်အပြင် စားစရာနှင့် ကစားစရာ နည်းမျိုးစုံတို့ကလည်း ဆွဲဆောင်နေပြီဖြစ်၍ နေပြည်တော်၏ အဓိက အပန်းဖြေစခန်းတစ်ခု ဖြစ်လာခဲ့ပြီ ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

ကချင်ပြည်နယ်ပြကွက်ရှိ Outdoor စကိတ်ကွင်း တည်ဆောက်ထားမှု မြင်ကွင်းတစ်နေရာ....။ (မြန်မာ့အလင်း)

ကချင်ပြည်နယ်ပြကွက်၌ ထူးကုမ္ပဏီများအုပ်စုက ခါကာဘိုရာဇီတောင်နှင့် ရေခဲပြင်စကိတ်အဖြစ် ဤသို့ တည်ဆောက်လျက်ရှိသည်။ (မြန်မာ့အလင်း)

နေပြည်တော်ပြကွက်

နေပြည်တော်ပြကွက်ရှိ ငလိုက်ကန်သာအတွင်း ရေဘောလုံးများဖြင့်ဖြင့် ဤသို့ အပန်းဖြေအနားယူလျက်ရှိသည်။ (မြန်မာ့အလင်း)

၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၄)	၃:၂၀	အထက(၂)စမ်းချောင်း ပြည်ထောင်စုနေ့အကြိုပဒေသာ ကပွဲအမှတ်တရ
၈:၃၀	Sports World(Trial Part-3)	၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၄)
၈:၅၅	Activities in the City (အခြေခံပညာ ကာယပညာ ဆရာ ဆရာမများ သက်ကြီးပူဇော်ပွဲ)	၄:၀၅	Activities in the City (အခြေခံပညာ ကာယပညာ ဆရာ ဆရာမများ သက်ကြီးပူဇော်ပွဲ)
၉:၁၀	ရိုးရှင်းသောပုံရိပ်တို့မှသည်	၄:၂၅	မြို့ပြကျန်းမာရေး (ဒေါက်တာခင်မောင်လွင်)
၉:၃၀	Cartoon Show Time (Lilo & Stitch)	၄:၅၅	ရိုးရှင်းသောပုံရိပ်တို့မှသည်
၁၀:၁၅	မြို့ပြကျန်းမာရေး (ဒေါက်တာခင်မောင်လွင်)	၅:၁၅	ဟိုတယ်လမ်းညွှန် (Mandalay Swan Hotel)
၁၀:၄၅	ဟိုတယ်လမ်းညွှန် (Mandalay Swan Hotel)	၅:၄၀	Celebrity Style (မယ်လိုဒီ)
၁၁:၀၅	အထက(၂)စမ်းချောင်း ပြည်ထောင်စုနေ့အကြို ပဒေသာကပွဲအမှတ်တရ	၆:၀၀	MRTV-4 သတင်း
၁၁:၂၅	Activities in the City - B.D.S ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ - တွံတေးမြို့နယ် အထက(ကံဘဲ့) မြတ်ဆရာပူဇော်ပွဲ	၆:၂၀	World of Knowledge (Secret Shark Pits)
၁၂:၀၀	သင်ကြားရေးလမ်းညွှန် (Professional Studies စီးပွားရေး စီမံခန့်ခွဲမှုအထူးပြုသင်တန်း)	၇:၁၀	Fashion Music Festival Hip Hop ကမ်းခြေ-၂)
၁၂:၂၅	အမြဲလုံခြုံစိတ်ချစေမှာ ဂျက်စီကာ	၇:၄၅	လူနှင့်ကံ
၁၂:၃၅	နွယ်မြက်သစ်ပင်ဆေးဖက်ဝင် 'ထူး' တိုင်းရင်းဆေးလည်းပါဝင်	၈:၀၀	MRTV-4 သတင်း
၁၂:၄၅	**အိမ်တွင်းပုန်းများမကြည့်ရ** နေတိုး၊ သက်မွန်မြင့် (ဒါရိုက်တာ-ဇာဏီထက်လင်း)	၈:၃၀	Cartoon Show Time (Lilo & Stitch)
၁:၀၀	**ကိုယ်သာနာ၍စိတ်မနာပါစေနှင့် ခန္ဓာဘဏ်ရောက်ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)	၉:၁၀	Celebrity Style (မယ်လိုဒီ)
၂:၀၀	MRTV-4 သတင်း	၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၄)
၂:၄၅	Fashion Music Festival (Hip Hop ကမ်းခြေ-၂)	၁၀:၀၀	Sunday Talk
		၁၀:၄၅	သင်ကြားရေးလမ်းညွှန် (Professional Studies စီးပွားရေး စီမံခန့်ခွဲမှုအထူးပြုသင်တန်း)
		၁၁:၀၅	ဟူးကောင်းကျားများတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
		၁၁:၂၀	နွယ်မြက်သစ်ပင်ဆေးဖက်ဝင် 'ထူး' တိုင်းရင်းဆေးလည်းပါဝင်
		၁၁:၃၀	တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
		၁၁:၃၅	တောင်ပေါ်လက်ဖက်နတ်သစ်ရွက်
		၁၁:၅၀	ရဲယိုနှင့်ကျန်းမာရေး
		၁၂:၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်းများ
၂:၁၀	Portsmouth-Birmingham Sunderland-Bolton	ESPN (Live) Star Sports (Live) MRTV-4 (Live)

လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်စွယ်

ရခိုင်ညွန့်ဖူး မြို့မြောက်ဦးမှာ . . . လင်းလက်ရောင်ခြည်ဖြာခဲ့ပြီ

ဒေါက်တာနီလာသိန်း (လင်းရောင်သစ်)

ရခိုင်ဌာနီ သာယာပါသည် အလင်းပေးဖို့ ရောက်ခဲ့ပြီ

ပြည်တွင်းရေကြောင်းပိုင် အောင်တံခွန် နှစ်ထပ်သင်္ဘောကြီးဟာ ''ဆတ်ရိုးကျ'' ချောင်းထဲကနေ တဖြည်းဖြည်း ခုတ်မောင်းထွက်ခွာလာခဲ့ပြီး ကစ္ဆပနဒီမြစ်အတွင်းကို ချိုးကွေ့ဝင်လိုက်ပါတယ်။ ကစ္ဆပနဒီရဲ့ဝန်းကျင် အလှတွေကတော့ ရှုမဆုံးနိုင်အောင်ပါပဲ။ မြစ်ရဲ့ဝဲ၊ ယာ တစ်ဖက်တစ်ချက်မှာ စိမ်းစိုယိမ်းနွဲ့နေတဲ့ ဓနိတောတွေ၊ ဝင်းဝါနေတဲ့ စပါးခင်းတွေ၊ လယ်ကွင်းပြင်ကြီးတွေက မျှော်မဆုံးနိုင်သလို ကစ္ဆပနဒီနဲ့အပြိုင် မိုးမြေမဆုံးအောင် အပြိုင်းအရိုင်းသွယ်တန်းနေတဲ့ တောင်တန်းကြီးတွေကို လွမ်းမောဖွယ်ရာ တွေ့မြင်ရတဲ့အခါ -

> **ကစ္ဆပနဒီ ·· ဤသည်ညာမွန်**
> **ယဉ်တန်တတက်၊ ပင်လယ်ထွက်မှ**
> **နှစ်ဖက်ကမ်းပြို၊ ဖြားရေမီဝယ်**
> **ရှေ့ဆီပြုဗ္ဗာ၊ အာကာမှီခိုင်း**
> **တောင်ပြိုင်းပြိုင်း၌၊ ဆိုင်းဆိုင်းမဏ္ဍိုင်···**

ဆိုတဲ့ ရခိုင်မင်းသမီးဧချင်းကဗျာလေးကို သတိရလိုက်မိပြန်ပါတယ်။

လက်ဝဲဘက်ကမ်း တောင်တန်းကြီးတွေရဲ့ထိပ်မှာတော့ သမိုင်းဝင်ဗျာဒိတ်တော်ဝင် စေတီတစ်ဆူဖြစ်တဲ့ ''ဦးရာဇ်တောင်'' စေတီတော်ကို ရွှေရောင်တဝင်းဝင်းနဲ့ သပ္ပာယ်စွာ ဖူးမြော်လိုက်ရပါတယ်။ အဲဒီတောင်ကုန်းတွေဟာ ဗုဒ္ဓဘုရားရှင် နှစ်ဦဘဝက သီတင်းသုံးခဲ့တဲ့ နေရာဟောင်းတွေမို့ ဘုရားရှင်ကို မှန်းမျှော်ကြည်ညိုမိရင်း စေတီတော်ကို ဦးခိုက်ပူဇော်မိပါတယ်။ အပြေကျယ်လှတဲ့ ကစ္ဆပနဒီ(ကုလားတန်မြစ်)ရဲ့ စိမ်းမြမြရေပြင်ပေါ်မှာ ဘူးသီးတောင်၊ ကျောက်တော်၊ စစ်တွေတို့နဲ့ ကူးသန်းရောင်းဝယ်နေတဲ့ ကုန်တင်စက်လှေလေးတွေကလည်း စုန်ဆန်ကူးလူးနေကြပါတယ်။

ဒီလိုနဲ့ ကျွန်မတို့ကို တင်ဆောင်လာတဲ့ သင်္ဘောကြီးဟာ မြောက်ဦးမြို့ဆီကို ဦးတည်ခုတ်မောင်းနေခဲ့ပါပြီ။ ဒီခရီးကတော့ ကျွန်မတို့ မျက်စိအထူးကုအဖွဲ့ရဲ့ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်းက မျက်စိဝေဒနာရှင်တွေကို အခမဲ့ခွဲစိတ်ကုသမယ့် ခရီးစဉ်ပဲဖြစ်ပါတယ်။ ကျွန်မတို့အဖွဲ့ဟာ ရန်ကုန်ကနေ စစ်တွေကို ဖေဖော်ဝါရီလ ၁၀ရက် နံနက် ၁၁နာရီမှာ လေယာဉ်နဲ့ ထွက်လာခဲ့ကြပြီး မွန်းလွဲ ၁၂နာရီခွဲမှာ စစ်တွေကနေ မြောက်ဦးမြို့ဆီကို အခုလို သင်္ဘောကြီးနဲ့ ထွက်ခွာလာခဲ့ကြတာဖြစ်ပါတယ်။ ကျွန်မတို့အဖွဲ့ကို ပါမောက္ခ ဒေါက်တာ ဦးတင်ဝင်းဦးဆောင်ပြီး မျက်စိအထူးကုဆရာဝန်၊ ဆရာမများ၊ မျက်မှန်ကျွမ်းကျင်ပညာရှင်များနဲ့ Alcon ကုမ္ပဏီမှ အင်ဂျင်နီယာတစ်ဦးတို့ ပါဝင်ခဲ့ကြပါတယ်။

''မြောက်ဦးမြို့မှာ မျက်စိလာပြတဲ့သူတွေ အရမ်းများနေပြီ။ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ ပေါက်တောနဲ့ အနီးအနားကျေးရွာတွေကလာပြကြတာ စုစုပေါင်း လူနာ ၅၀၀၀ ကျော်နေပြီ''ဆိုတဲ့ သတင်းရတာနဲ့ ဆရာကြီး ဦးတင်ဝင်းနဲ့ အလှူရှင် ဦးအောင်မြတ်တို့က မြောက်ဦးရောက်တာနဲ့ ချက်ချင်းလုပ်ငန်းစနိုင်ဖို့ အစီအစဉ်တွေဆွဲ၊ တာဝန်တွေခွဲဝေနေကြပါတယ်။ မြောက်ဦးကိုရောက်တော့ ညနေ ၆နာရီထိုးပါပြီ။ မြောက်ဦးဆေးရုံပတ်ဝန်းကျင်တစ်ခုလုံး မီးရောင်တွေ ထိန်ထိန်လင်းလို့ လူအုပ်ကြီးနဲ့ ဆူညံစည်ကားပြည့်နှက်နေပါတယ်။ စစ်တွေဆေးရုံမှ မျက်စိအထူးကု ဆရာဝန် ဒေါက်တာဦးမိုးကျော်နဲ့ တာဝန်ရှိသူတွေရဲ့ ရခိုင်သံဝဲဝဲကို ကြားရပါပြီ။ အဲဒီနေ့ကတော့ ညသုံးနာရီအထိ မျက်စိဝေဒနာရှင်တွေကို စမ်းသပ်ကြည့်ရှုပေးနိုင်ခဲ့သလို ခွဲစိတ်ခန်းထဲမှာလည်း ဆရာဝန် ၁၂ဦးက ခုတင်(၁၂)လုံးမှာ လူနာ ၁၂ဦးကို တစ်ပြိုင်တည်း ခွဲစိတ်ပေးနိုင်ခဲ့ကြတာမို့ ည ၁၂နာရီကျော်မှပဲ ကျွန်မတို့ တည်းခိုမယ့် မြောက်ဦးဟိုတယ်ကို ပြန်ပြီးအနားယူခဲ့ရပါတော့တယ်။

ရာဇဝင်ထဲက မြို့မြောက်ဦး

မြောက်ဦးမြို့ဟာ ''သဇင်ပန်းခိုင်တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း''လို့ စာဆိုရှိတဲ့အတိုင်း စေတီပုထိုးပေါများရာ ရှေးဟောင်းသမိုင်းဝင် မြို့တော်ဖြစ်ပြီး ကုလားတန်လွင်ပြင်နဲ့ လေးမြို့လွင်ပြင်တို့ရဲ့ အချက်အချာနေရာမှာ တည်ရှိပါတယ်။ ဘုရားရှင် ရခိုင်ပြည်ကိုကြွရောက်ခဲ့စဉ် မျောက်က ဒေါင်းဥ နှစ်လုံးကိုယူဆောင်ပြီး ရဟန္တာတို့အား ဆက်ကပ်လှူဒါန်းခဲ့တဲ့ နိမိတ်ကိုယူပြီး မျောက်ဥမြို့နယ်လို့ခေါ်တွင်ခဲ့ရာမှ ကာလကြာတဲ့အခါ မျောက်ဥမှ မျောက်ဦး၊ မြောက်ဦးရယ်လို့ ခေါ်တွင်တယ်လို့ ဆိုကြပါတယ်။

ဘုရင် ''မင်းစောမွန်'' နန်းစိုက်နေထိုင်ခဲ့ပြီး ''မင်းဗာကြီး''ဘုရင်က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့တာကြောင့် ''စောမွန်ပြင်ပြုမင်းဗာတည်-- ရွှေမြောက်ဦး'' ''အဖရှစ်သောင်း-- သားကိုးသောင်း --သမိုင်းထဲက ရွှေမြောက်ဦး''ဆိုပြီး စာဆိုရှိခဲ့တဲ့ မြို့ဖြစ်ပါတယ်။ ရခိုင်ခေတ်(၄)ခေတ်ဖြစ်တဲ့ ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ်ဆိုပြီး အထင်အရှားရှိခဲ့တာလည်း အားလုံးသိရှိကြပြီး ဖြစ်ပါတယ်။ ၂၀၀၀ပြည့်နှစ်ကစတင်ပြီး ဆရာကြီး ပါမောက္ခဒေါက်တာ ဦးကံညွန့်ဦးဆောင်တဲ့ မျက်စိအထူးကုအဖွဲ့ဟာ သံတွဲ၊ ဂွလီ၊ ကျောက်ဖြူ၊ တောင်ကုတ်၊ စစ်တွေ၊ မင်းပြား၊ ဂွ၊ မြောက်ဦးစတဲ့ ရခိုင်ဒေသရဲ့ နေရာအနှံ့အပြားမှာ အခမဲ့ ကွင်းဆင်းကုသမှုတွေကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်ခဲ့ကြပါတယ်။ အခုလို ၂၀၁၀ခုနှစ် နှစ်ဦးမှာ မြောက်ဦးမြို့ကို ရောက်ရှိခဲ့တဲ့အချိန်မှာတော့ လက်ရှိ ရခိုင်ပြည်နယ်ကြီးတစ်ခုလုံးရဲ့ မြင်ကွင်းတွေက အမြင်ရော၊ အကြားရော ထူးခြားခြားနားလို့ နေပါပြီ။ အရင်က ရေလမ်းကိုပဲ အားကိုးခဲ့ရာက အခုတော့ စစ်တွေ-ရန်ကုန် ကားလမ်းဖောက်လုပ်ပြီးကတည်းက ရခိုင်ဒေသတစ်ခုလုံးရဲ့ လမ်းပန်းဆက်သွယ်ရေးကဏ္ဍဟာ ပိုမိုအဆင်ပြေချောမွေ့လာခဲ့ရပါပြီ။

ဒီတစ်ခေါက်မှာ ရခိုင်ပြည်သူတွေဆီက ''ဝီးရေ-- မလားနိုင်ပါ'' '' ခရီးဝီးလို့ မလားနိုင်ပါ''ဆိုတဲ့ ခရီးလမ်းကြမ်း ဝေးလံခက်ခဲကြောင်း အသံဗလံတွေ မကြားရတော့ပါဘူး။ ''တစ်ညဥ့်လုံး ဘုတ်စီးခဲ့ရပါရေ'' ဆိုတဲ့ ခပ်ညည်းညည်းအသံတွေကို မကြားရတော့ဘဲ မင်းပြား၊ ကျောက်တော်ကနေ မြောက်ဦးကို ရေလမ်း၊ ကားလမ်းနှစ်မျိုးနဲ့ အချိန်တိုအတွင်းမှာ အရောက်လာနိုင်ပြီဖြစ်သလို တာဝန်ရှိသူတွေကလည်း အိမ်တိုင်ရာရောက် စီစဉ်ခေါ်ယူပေးခဲ့ကြတာကြောင့် အခုလို လူနာတွေကို တစုတဝေးတည်း အားပါးတရ တွေ့မြင်နိုင်တာဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးသာမကဘဲ ကျန်းမာရေးကဏ္ဍအနေနဲ့ ဆေးရုံသစ်တွေ၊ ကျန်းမာရေးဌာနတွေ တိုးချဲ့ဖွင့်လှစ်ပေးတာတွေ၊ ဆက်သွယ်ရေးလွယ်ကူစေဖို့ တယ်လီဖုန်းလိုင်းတွေ တပ်ဆင်ပေးတာတွေ၊ ကျေးလက်ဒေသအထိ မီးလင်းရေး၊ ရေရရှိရေးတွေ စသဖြင့် အဘက်ဘက်က ပြည့်စုံအောင် ဖန်တီးပေးထားတာတွေကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပါတယ်။

ပြီးတော့လည်း ကျွန်မ တင်ပြချင်တာတစ်ခုကတော့ မြန်မာနိုင်ငံအနှံ့အပြားသွားခဲ့တဲ့ ဒေသအားလုံးအနက်မှာ ရခိုင်ခရီးစဉ်တွေက မျက်စိဝေဒနာရှင်အများဆုံး၊ အတွင်းတိမ်ဖြစ်နှုန်းအများဆုံး တွေ့ရှိခဲ့ရတယ်ဆိုတာပါ။

ရခိုင်ဒေသမှာ လူဦးရေ လေးသန်းခန့်ရှိရာမှာ ခြောက်သောင်းခန့်ဟာ သွားလာလုပ်ကိုင်လို့မရနိုင်တဲ့ မျက်မမြင်တွေဖြစ်နေကြပြီး အဲဒီထဲကမှ ငါးသောင်းခန့်ဟာ အတွင်းတိမ်ဝေဒနာရှင်တွေ ဖြစ်နေကြတယ်ဆိုတာ စစ်တမ်းများအရ သိရှိရပါတယ်။ ဒါကြောင့် ၂၀၀၀ပြည့်နှစ်ကနေ ၂၀၁၀ခုနှစ် ဆယ်စုနှစ်အတွင်းမှာ ရခိုင်ဒေသအတွင်းက အတွင်းတိမ်လူနာပေါင်း တစ်သောင်းကျော်ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပေမယ့် အခုလက်ရှိမှာလည်း ခရီးစဉ်တိုင်း အတွင်းတိမ်ဝေဒနာရှင်တွေဟာ လျော့နည်းသွားတယ်မရှိဘဲ များပြားနေဆဲဖြစ်နေတာကို တွေ့နေရပါတယ်။ အခုခရီးစဉ်မှာဆို ဖေဖော်ဝါရီ ၁၀ရက်ကနေ ၁၂ရက်နေ့အထိ သုံးရက်တာအချိန်မှာ အတွင်းတိမ်လူနာ ၆၉၅ဦးကို အောင်မြင်စွာခွဲစိတ်ပေးနိုင်ခဲ့သလို မေ့ဆေးဆရာဝန်အကူအညီနဲ့ မွေးရာပါအတွင်းတိမ် ကလေးငယ်ငါးဦးကိုလည်း အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မတို့ပြန်မယ့်နေ့အချိန်ထိ သတင်းကြားလို့ တဖွဲဖွဲရောက်လာတဲ့လူနာတွေအနက်က မခွဲမဖြစ်တဲ့ လူနာတွေက ၄၉၇ဦးတောင် ကျန်ရှိနေတော့ တာဝန်ရှိသူတွေအနေနဲ့ အဲဒီလူနာတွေအားလုံးကို ခွဲစိတ်ကုသပေးနိုင်ဖို့ ဝိုင်းဝန်း စီစဉ်ပေးကြရပါတယ်။ စစ်တွေဆေးရုံမှာပဲ ဒေါက်တာဦးမိုးကျော်နဲ့အဖွဲ့က ဆက်လက်ကုသမှုတွေပေးနိုင်ဖို့စီစဉ်ပြီး အောင်တံခွန်နှစ်ထပ် သင်္ဘောကြီးနဲ့ လူနာတွေ၊ လူနာစောင့်တွေကို တင်ဆောင်ပြီး စစ်တွေမြို့အရောက် ပို့ဆောင်ပေးတဲ့အခါ အားလုံးကျေနပ်ပျော်ရွှင်နေကြပါတယ်။

မြောက်ဦးမှာ ခွဲစိတ်ကုသတာရော၊ စစ်တွေမှာ ဆက်လက်ကုသတာရော ကုန်ကျစရိတ်အဝဝကိုတော့ ရခိုင်ခရီးစဉ်တိုင်းကို ပင်တိုင်လှူဒါန်းနေတဲ့ ဦးအောင်မြတ် (Mother Trading ကုမ္ပဏီ)၊ ဦးဝင်းလွင်(ကျော်သာကုမ္ပဏီ)နဲ့ ဒေါက်တာမောင်မောင်အေး (မိုးထက်ကမ္ဘာကုမ္ပဏီ)တို့က တာဝန်ယူလှူဒါန်းပေးခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီခရီးစဉ်မှာ မျက်စိဝေဒနာရှင်ပေါင်း ၅၃၇၀ကို အခမဲ့စမ်းသပ်ကုသနိုင်ခဲ့ပြီး မျက်မှန်ပါဝါလိုအပ်သူ ၂၁၆၉ ဦးကို မျက်မှန်များ ပေးအပ်လှူဒါန်းနိုင်ခဲ့ပါတယ်။ အတွင်းတိမ်လူနာပေါင်း ၁၁၅၁ဦးကို အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့တာကြောင့် ထူးခြားခမ်းနားတဲ့ပွဲ၊ စံချိန်သစ်တင်နိုင်တဲ့ပွဲလို့ပဲ ဆိုရပါတော့မယ်။

ပြီးတော့လည်း အခုလို ပြည်ထောင်စုနေ့အခါသမယမှာ တိုက်ဆိုင်လှစွာပဲ ရခိုင်ပြည်သူတွေရှိရာ အရောက်လာပြီး အလင်းတံခါးတွေ ဖွင့်လှစ်ပေးနိုင်ခဲ့ကြတာကိုက အလွန်ထူးခြားတဲ့ နေ့ရက်ပါလို့ ထပ်လောင်းပြောလိုက်ချင်ပါတယ်။

အောင်ပြီ···လင်းပြီ···ရခိုင်ရွှေပြည်

၁၃-၂-၂၀၁၀ နံနက်ခင်းမှာတော့ အောင်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါတယ်။

အခုလို အလင်းရဲ့ရလဒ်၊ အလင်းကုသိုလ်တွေကြောင့် ရခိုင်ပြည်သူတွေနဲ့ တစ်သွေးတည်း တစ်သားတည်း၊ အတွေးတူ အမြင်တူ အသိတူဖြစ်ခဲ့ကြရပါပြီ။ အမှောင်တွင်းက ပြည်သူတွေရဲ့ စိတ္တသုခအနှောင့်အယှက်တွေ၊ ကာယသုခမပြည့်စုံမှုတွေ ကင်းစင်လွင့်ပျောက်စေနိုင်ခဲ့ပြီမို့ လူ့ဘောင်အသိုင်းအဝိုင်းထဲမှာ တင့်တင့်တယ်တယ်နဲ့ တိုးဝင်လှုပ်ရှားပျော်ရွှင်နိုင်စေခဲ့ပါပြီ။ ရခိုင်ပြည်သူတွေရဲ့ ဘဝအမှောင်၊ စက္ခုအမှောင်တွေကို ဖယ်ရှားပေးနိုင်ခဲ့ပြီး အလင်းဓာတ်တွေ ပေးဝေနိုင်စေခဲ့ပြီဆိုတော့လည်း ပြည်ထောင်စုကြီး လင်းလက်လာမယ့် အတိတ်နိမိတ်တွေပါပဲလို့ ကြည်ကြည်နူးနူးတွေးနေမိတယ်။

အရှေ့ဘက်ကောင်းကင်မှာ သူရိယနေမင်းကြီး နီးထထွက်ပေါ်လာခဲ့ပါပြီ။ နံနက်ခင်းနေခြည်ရဲ့ အလင်းထုအောက်မှာ ရခိုင်ပြည်သူတွေရဲ့ ပြုံးရွှင်ကြည်နူးနေတဲ့ ပုံရိပ်တွေက ဘယ်တော့မှ ရိုးအီမသွားတဲ့မြင်ကွင်းတွေ အဖြစ်နဲ့ ကျန်ရစ်ခဲ့ရပြီ။ ပြင်ပလူနာဌာနရဲ့ လူတွေရဲ့အလယ် ဖုန်လုံးကြီးတွေကြား ဘယ်လိုပဲပင်ပန်းနွမ်းနယ်ခဲ့ကြရပေမယ့် အလင်းပေးဝေခဲ့သူ အားလုံးရဲ့ရင်မှာ ကျေနပ်ပီတိတွေနဲ့ ဝမ်းသာပျော်ရွှင်နေခဲ့ရပါပြီ။

ပကတိဖြူစင်ရှင်းသန့်တဲ့ မေတ္တာအကြည်ဓာတ်တွေက လောကအဝန်းသွန်းဖျန်းပျံ့နှံ့ခဲ့ရပြီ။ တာဝန်ရှိသူတွေနဲ့ ခွဲစိတ်ကုသပေးခဲ့သူတွေအားလုံးရဲ့ စိတ်ဓာတ်၊ စွမ်းရည်အားထုတ်မှုတွေက အလှူရှင်တွေရဲ့ သန့်စင်မွန်မြတ်တဲ့ စေတနာ၊ မေတ္တာကရုဏာတရားတွေနဲ့အတူ ပေါင်းစည်းမြဲမြံ၊ တွဲလက်တွေ ခိုင်ခိုင်မြဲစေတဲ့အခါ အခုလို အလင်းအောင်ပွဲတွေ ပေါ်ထွန်းလာနိုင်ခဲ့တာပဲဖြစ်ပါတယ်။ အဲဒီအလင်းခွန်အားတွေကဖြင့် နေစကြဝဠာကြီးထဲက အလင်းလက်ဆုံးရောင်ခြည်လှိုင်းများအဖြစ်နဲ့ ရခိုင်ညွန့်ဖူး မွန်ကြည်မြူးသည့် မြို့မြောက်ဦးမှသည် ကျွန်းဇမ္ဗူလုံးတိုင် ပျံ့နှံ့ဝေဖြာလင်းလက်စေရပြီလို့သာ ဆိုလိုက်ချင်ပါတော့တယ်။ ။

Air Bagan Myanmar Open 2010

ပြိုင်ပွဲကျင်းပရေးနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် မတ် ၈

မြန်မာပီဂျီအေနှင့် Asian Tour ပူးပေါင်းကျင်းပပြီး Title Sponsor အဖြစ် Air Bagan Ltd. မှ အဓိကကူညီပံ့ပိုး၍ Presenting Sponsor အဖြစ် International Beverages Trading Co.,Ltd. (IBTC) က ထပ်မံပံ့ပိုးကူညီမည့် Air Bagan Myanmar Open 2010 ပြိုင်ပွဲကျင်းပရေးနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေ ၄နာရီက ဆီဒိုးနားဟိုတယ် ၁၁ထပ်ရှိ Executive Club ၌ ကျင်းပသည်။

မေးမြန်း

ရှေးဦးစွာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၊ မြန်မာပီဂျီအေနှင့် အဲပုဂံလီမိတက်ဥက္ကဋ္ဌ ဦးတေဇ၊ Asian Tour မှ Tournament Director Mr. Jittisak Tamprasert နှင့် မြန်မာပီဂျီအေ အထွေထွေအတွင်းရေးမှူး ဦးချမ်းဟန်တို့က အမှာစကားပြောကြားကြပြီး စာနယ်ဇင်းများက မေးမြန်းသည်များကို ပြန်လည်ဖြေကြားသည်။ အရှေ့တောင်အာရှနိုင်ငံများတွင် Asian Tour ပြိုင်ပွဲများအား နှစ်စဉ်ကျင်းပလျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် အဆိုပါပြိုင်ပွဲကို ၁၉၉၆မှ ၂၀၀၅ခုနှစ်အထိ ပြည်ပမှ Rothmans of Pall Mall Co., Ltd. မှ ကျင်းပခဲ့ခြင်းဖြစ်ပြီး ငါးနှစ်ရပ်နားခဲ့ရာမှ ယခုနှစ်တွင် ပြည်တွင်းမှ မြန်မာလုပ်ငန်းရှင်များ ဦးစီးပြီး ပြန်လည်ကျင်းပခြင်းဖြစ်သည်။ ပြိုင်ပွဲကို လာမည့် ဧပြီ ၈ရက်မှ ၁၁ရက်အထိ ပန်းလှိုင်ဂေါက်ကွင်း ရန်ကုန်မြို့တွင်ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲတစ်ခုလုံး၏ ကုန်ကျစရိတ် စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၀၀၀၀၀အား Air Bagan Ltd. မှ ၂၆၀၀၀၀၊ IBTC မှ ၁၅၀၀၀၀၊ Elite-Tech မှ ၁၀၀၀၀၀ ကျခံပေးသွားမည်ဖြစ်သည်။ စုစုပေါင်းဆုကြေးငွေမှာ အမေရိကန် ဒေါ်လာ ၃၀၀၀၀၀ ချီးမြှင့်ပေးသွားမည်ဖြစ်ကာ အနိုင်ရရှိသူအား အမေရိကန်ဒေါ်လာ ၅၀၀၀၀ချီးမြှင့်မည်ဖြစ်ပြီး Hole In One ရရှိသူအား Sun Far Travels & Tours မှ အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ပြိုင်ပွဲကို နိုင်ငံပေါင်း ၃၀ကျော်ခန့်မှ ကစားသမား ၁၂၀ နှင့် ပြည်တွင်းမှ ဆုကြေးစားကစားသမား ၂၀နှင့် မြန်မာလက်ရွေးစင်ကစားသမား လေးဦး စုစုပေါင်း ၁၄၄ ဦးခန့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဝင်ရောက်ယှဉ်ပြိုင်မည့် ကစားသမားများမှာ ကမ္ဘာ့အဆင့်သတ်မှတ်ချက်များ ရရှိကြမည်ဖြစ်သဖြင့် မြန်မာနိုင်ငံတွင်ကျင်းပသည့် ပြိုင်ပွဲများတွင် ပထမဦးဆုံးအကြိမ် ကမ္ဘာ့အဆင့် သတ်မှတ်ချက်ရရှိသည့် ပြိုင်ပွဲတစ်ခုဖြစ်သည်။ အဆိုပါပြိုင်ပွဲကို Elite-Tech, Sedona Hotel (Yangon), Srixon နှင့် ပန်းလှိုင်ဂေါက်ကွင်းတို့က ထပ်မံပံ့ပိုးကူညီကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

● ရှေ့ဖုံးမှ

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ကောင်းချောင်းကူး မိုးကောင်းတံတားကို ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်က ဖွင့်လှစ်ပေးခဲ့ရာ ဒေသခံများ ခရီးသွားလာမှု ပိုမိုချောမွေ့မြန်ဆန်ခဲ့ပေပြီ။

တည်ဆောက်

မိုးကောင်းတံတားမှာ အရှည် ၉၄၅ပေရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ၂၁ပေ ၆ လက်မဖြစ်သည်။ တံတားအမျိုးအစားမှာ အုတ်မြစ်ကို သံကူကွန်ကရစ် လွန်းပိုင်၊ တံတားအောက်ထည်ကို သံကူကွန်ကရစ်၊ တံတားအပေါ်ထည်ကို RPT သံပေါင်ကွန်ကရစ်တို့ဖြင့် တည်ဆောက်ထားသည်။

ဆက်သွယ်သွားလာနိုင်

ကချင်ပြည်နယ်အတွင်း ယခုကဲ့သို့ လမ်းတံတားများ တည်ဆောက်ပေးခဲ့မှုကြောင့် ယခုဆိုလျှင် မြန်မာနိုင်ငံအနှံ့သို့ သွားလာရာ၌ ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းကနှင့် အနောက်ဘက်ခြမ်းကပါ လမ်းနှစ်သွယ်ဖြင့် ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

တက်လမ်း(၁)အထွေထွေဗဟုသုတ မှတ်စုစာအုပ်ထွက်ရှိ

ရန်ကုန် မတ် ၈

ဗိုလ်ကြီးလှရွှေ(ငြိမ်း)၏ တက်လမ်း(၁)အထွေထွေဗဟုသုတမှတ်စုစာအုပ်ကို ထုတ်ဝေဖြန့်ချိထားသည်။ **(ယာပုံ)**

လေ့လာသင့်

ယင်းစာအုပ်တွင် ဗိုလ်လောင်းဖြေဆိုမည့်သူများ၊ ဒုတိယရဲအုပ်ဖြေဆိုမည့်သူများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး စာမေးပွဲဖြေဆိုမည့်သူများနှင့် ကျောင်းသား ကျောင်းသူများ လေ့လာသင့်သည့် အထွေထွေဗဟုသုတ၊ မှတ်စုများကို ပြုစုထားသည်။

စာအုပ်ကို ကဏ္ဍ(၁၁)ခု ခွဲခြားပြုစုထားပြီး ဗဟုသုတအချက်အလက်ပေါင်း ခြောက်ထောင်ကျော်ပါရှိကာ ချိုတေးသံစာပေတိုက် ပုလဲ(၃) မင်္ဂလာဒုံမှ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

စက်ရုံလုပ်ငန်း ပြည့်ဝန်ထမ်း
မြဲတမ်း မီးသတိပြု

၂၀၁၀ MNL ပြိုင်ပွဲတွင် ချန်ပီယံဘွဲ့ကာကွယ်ရန်နှင့် AFC President's Cup ပြိုင်ပွဲဝင်အောင်မြင်မှုရရန် ကြိုးပမ်းမည့် ရတနာပုံ FC

၂၀၁၀ MNL ပြိုင်ပွဲဝင်အသင်းများအကြောင်း တစေ့တစောင်း

သတင်းမှတ်တမ်းနှင့် ဓာတ်ပုံ -ဖိုးသော်ဇင် | စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

ရန်ကုန် မတ် ၈

ရတနာပုံအသင်းသည် လက်ရှိ MNL ပြိုင်ပွဲဝင် အသင်းများထဲတွင် ထူးထူးခြားခြား ရပ်တည်နေသောအသင်းဖြစ်သည်။ ကျင်းပပြီးစီးခဲ့သည့် ၂၀၀၉ ခုနှစ် MNL အမှတ်ပေးပြိုင်ပွဲနှင့် ဖလားပြိုင်ပွဲနှစ်ခုစလုံးတွင် ဗိုလ်စွဲနိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ မြန်မာ့ဘောလုံး ပရိုစနစ်ကိုကူးပြောင်းပြီး ပထမဦးဆုံးပြိုင်ပွဲဖြစ်သည့် MNL CUP ပြိုင်ပွဲတွင် ဗိုလ်စွဲနိုင်ခဲ့သကဲ့သို့ နောက်ထပ်ကျင်းပသည့် MNL အမှတ်ပေးပြိုင်ပွဲတွင်လည်း ချန်ပီယံဆုကို ရယူနိုင်ခဲ့ပြန်ရာ မြန်မာနေရှင်နယ်လိဂ်သမိုင်းတွင် ပထမဦးဆုံးပြိုင်ပွဲနှစ်ခုစလုံး၌ ဗိုလ်စွဲသည့်အသင်းအဖြစ် မှတ်တမ်းဝင်နိုင်ခဲ့သည်။

ယင်းကဲ့သို့ ၂၀၀၉ MNL ပြိုင်ပွဲတွင် ချန်ပီယံဆုများ ဆွတ်ခူးရရှိခဲ့သောကြောင့် ရတနာပုံအသင်းသည် အာရှဘောလုံးအဖွဲ့ချုပ် (AFC) မှ ကြီးမှူးကျင်းပမည့် ၂၀၁၀ AFC President's CUP ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သည်။ အာရှဘောလုံး အဖွဲ့ချုပ်မှ ရတနာပုံအသင်းယှဉ်ပြိုင်ရမည့် အုပ်စုပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ဆန္ဒရှိ မရှိ မေးမြန်းခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ လက်ခံကျင်းပလိုကြောင်း AFCထံ တင်ပြတောင်းဆိုခဲ့ရာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့ပြီဖြစ်သည်။ အုပ်စုပွဲစဉ်များကို မတ် ၅ရက်က မဲနှိုက်ရေးဆွဲခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်မည့် ရတနာပုံအသင်းမှာ အုပ်စု (ဂ)၌ ဘူလ်တန် ကလပ်



ကွင်းလယ်မှ ခြေစွမ်းပြကစားနေသည့် အောင်ကျော်မိုး။ (မြန်မာ့အလင်း)

ဒရက်စတားအသင်း၊ တာ့ခ်မင်နစ္စတန်ကလပ် အက်ရှ်ကာမက်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေလျက်ရှိသည်။ အဆိုပါအုပ်စုပွဲစဉ်များကို မေ ၉ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ရတနာပုံအသင်းသည် မေ ၁၁ရက်တွင် ဒရက်စတားအသင်း၊ မေ ၁၃ရက်တွင် အက်ရှ်ကာမက်အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

အားဖြည့်ထား

ရတနာပုံအသင်းသည် ၂၀၁၀ MNL ပြိုင်ပွဲများတွင် လက်ရှိချန်ပီယံဘွဲ့ကို ထိန်းသိမ်းရန်အပြင် AFC President's Cup ပြိုင်ပွဲတွင်ပါ

ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်း။ (မြန်မာ့အလင်း)

အောင်မြင်မှုရရှိရန် ပြင်ဆင်လျက်ရှိသည်။ အာရှအဆင့်ပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရရှိထားသောကြောင့် ပိုမိုကောင်းမွန်သော နိုင်ငံခြားသားများကို ခေါ်ယူရန် ပြီးခဲ့သည့် ၂၀၀၉ MNL အမှတ်ပေးပြိုင်ပွဲအပြီးတွင် စည်းကမ်းပိုင်း အားနည်းသော နိုင်ငံခြားသား ကစားသမားအချို့ကို ပြန်လည် စေလွှတ်ခဲ့သည်။ ယခင် ကစားသမားဟောင်းများထဲမှ နောက်ခံလူ ဂီဒွန်ဆီယန်နှင့် ကမ်ဘူး၊ ကွင်းလယ်လူ ကိုနေးတို့သာ ကျန်ရှိတော့ပြီး အသစ်အနေဖြင့် ဘာကီနာဖာဆို လက်ရွေးစင်ဟောင်း တိုက်စစ်မှူး ကွန်ပိုရီ၊ အိုင်ဗရီကို့စ် ကွင်းလယ် တိုက်စစ်ကစားသမား အဂျီမူဂျွန်တို့ကို ထပ်မံခေါ်ယူခဲ့သည်။ ကွန်ပိုရီသည် ဘာကီနာဖာဆို လက်ရွေးစင်အသင်းအတွက် ၁၃ ပွဲ ကစားပေးထားပြီး လေးဂိုးသွင်းယူနိုင်ခဲ့ကာ ၁၉၉၉ ခုနှစ်က ဘရာဇီးနိုင်ငံတွင် ကျင်းပခဲ့သည့် ဖီဖာယူ-၁၇ လူငယ်ပြိုင်ပွဲတွင်လည်း ပါဝင်ကစားခဲ့ဖူးသူဖြစ်သည်။ ထို့ပြင် အသင်း၌ အံမဝင်တော့သည့် ပြည်တွင်း ကစားသမား ၁၀ ဦးကို အသင်းမှထွက်ခွာခွင့်ပြုထားပြီး ရတနာပုံလူငယ်အသင်းမှ ကစားသမားအချို့ကို ပြန်လည်အားဖြည့်ထားသည်။

ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲများအတွက် ပြင်ဆင်ထားမှုများနှင့် ပတ်သက်၍ ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာ စိုင်းဆမ်ထွန်းက "ပြီးခဲ့တဲ့ MNLပြိုင်ပွဲနှစ်ခုစလုံးမှာ ဗိုလ်စွဲနိုင်ခဲ့တဲ့အတွက် ချန်ပီယံအရသာဟာ ဘယ်လောက်အထိကောင်းလဲဆိုတာ ကောင်းကောင်းကြီးသိသွားပါပြီ။ အဲဒါကြောင့် ရှုံးရင်ခါးသီးတဲ့အတွက် အောင်မြင်မှုထပ်ရဖို့၊ ချန်ပီယံဆုကာကွယ်ဖို့ ထပ်မံပြင်ဆင်ထားပါတယ်။ အသင်းပြင်ဆင်တဲ့နေရာမှာ ပြည်တွင်းကစားသမားတွေကိုအများကြီး အပြောင်းအလဲမလုပ်ထားပါဘူး။ နိုင်ငံခြားသားတွေကတော့ စည်းကမ်းပိုင်းအားနည်းတဲ့ ကစားသမားတချို့ကို ပြန်လွှတ်ပြီး အသစ်နှစ်ယောက် ပြန်ခေါ်ထားပါတယ်။

ယုံကြည်

ကျွန်တော်တို့ ချန်ပီယံနှစ်ကြိမ်ရထားပေမယ့် တစ်နေ့နေ့မှာတော့ လက်လွှတ်ရနိုင်ပါတယ်။ ချန်ပီယံဘွဲ့ကိုကာကွယ်နိုင်ဖို့အတွက်တော့ ဉာဏ်မီသလောက်ပြင်ဆင်ထားပါတယ်။ လက်ရှိ အသင်းဖွဲ့စည်းမှုအနေအထားကလည်း ထပ်မံဗိုလ်စွဲနိုင်မယ့် အနေအထားရှိပါတယ်။ ပထမအကျော့ပွဲစဉ်တွေကို မန္တလေးမှာကစားရမှာဖြစ်တာကြောင့် အိမ်ရှင်ပရိသတ်ရဲ့အားကို အပြည့်ယူပြီး အိမ်ရှင်ပီသစွာမြန်မာဆန်ဆန် အားပေးသွားမှာပါ။ စည်းကမ်းမဲ့ မဖြစ်အောင် အားပေးကြဖို့လည်း လက်ကမ်းစာစောင်တွေဝေငှပြီး စည်းရုံးသွားမှာပါ။ လာမယ့်ပြိုင်ပွဲမှာအသင်းတွေ ထပ်တိုးလာတာကို ကြိုဆိုပါတယ်။ အသင်းသစ်တွေကိုလည်း အထင်မသေးပါဘူး။ ကျွန်တော်တို့အသင်းရဲ့ ချန်ပီယံအိပ်မက်တွေကို အဓိကဒုက္ခပေးနိုင်တာ နှစ်သင်း၊ သုံးသင်းလောက်ပဲ ရှိပါတယ်။ ထပ်မံဗိုလ်စွဲမယ်လို့ အပြည့်အဝ ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့သည်။

အားထားရသည့် တိုက်စစ်မှူး ရန်ပိုင်။ (မြန်မာ့အလင်း)

အောင်မြင်မှု

ဆက်လက်၍ ဒေါက်တာစိုင်းဆမ်ထွန်းက AFC President's Cup ပြိုင်ပွဲနှင့် ပတ်သက်၍ "ဒီပြိုင်ပွဲဟာ ရတနာပုံအသင်းနဲ့ ဒေသတစ်ခုကို ကိုယ်စားပြုတာ မဟုတ်ပါဘူး။ နိုင်ငံကို ကိုယ်စားပြု ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက် အစွမ်းရှိသလောက် ကြိုးစားသွားမှာပါ။ နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်တာဖြစ်တဲ့အတွက်လည်း မြန်မာဘောလုံး ပရိသတ်တွေရဲ့ ပိုမိုအားပေးမှုကိုရရှိမှာပါ။ ပြိုင်ပွဲ

ကွင်းလယ်တိုက်စစ်ကစားသမား ထွန်းထွန်းဝင်း။ (မြန်မာ့အလင်း)

ကုန်ကျစရိတ်အများစုကို အသင်းအနေနဲ့ ကျခံသွားမှာဖြစ်ပြီး ကျပ်သိန်းနှစ်ထောင်လောက် သုံးစွဲဖို့ရည်ရွယ်ထားပါတယ်။ အုပ်စုအဆင့်ကိုတက်နိုင်အောင် အရင်ကြိုးစားပြီး အောင်မြင်မှုရအောင် ကြိုးစားမှာပါ။ နိုင်ငံကိုယ်စားပြုယှဉ်ပြိုင်ရမှာ ဖြစ်တဲ့အတွက် AFC President's Cup ပြိုင်ပွဲကို အဓိကထားကစားသွားမှာပါ။ ဒီပြိုင်ပွဲအတွက် ပြင်ဆင်နေတာဟာ MNL ပြိုင်ပွဲအတွက်ပါ ပြင်ဆင်ပြီးဖြစ်တဲ့အတွက် ပြိုင်ပွဲနှစ်ခုစလုံးမှာ ပိုအောင်မြင်မှုရမှာပါ" ဟု ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ၂၀၀၉ MNL ပြိုင်ပွဲများတွင် ဗိုလ်စွဲပြီး ချန်ပီယံဆုဖလားနှင့်အတူ မန်းတောင်ရိပ်တွင် မြနန္ဒာသီချင်းဖြင့် မန္တလေးသားများနှင့်အတူ အောင်ပွဲခံခဲ့သော ရတနာပုံအသင်းမှာ ယခုနှစ် ၂၀၁၀ခုနှစ်တွင်လည်း ထပ်မံအောင်ပွဲခံနိုင်ဦးမလား ဆိုသည်မှာ....။

(မြန်မာ့အလင်း)

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအောင်ကျော်ငြိမ် မတ် ၄ရက်က သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် အုတ်ဖိုစုရပ်ကွက် မြို့လယ်နန်းဟောဝန် ပန်းခြံအတွင်း ပျိုးပင်များပျိုးထောင်ထားရှိမှုနှင့် မြေယာရှုခင်းအလှဆောင်ရွက်ထားသည့်နေရာသို့ ကွင်းဆင်းစစ်ဆေးရာအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့က ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၃-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ **ရေအကျိုးဆယ်ပါး မတောင်းဘဲ ပြည့်စေသား**
- ၈:၂၀ ၈။ စီးဆင်းပါစေ မေတ္တာရည်
- ၈:၃၀ ၉။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၄၀ ၁၀။ International News
- ၈:၅၀ ၁၁။ နှောင်းခေတ်တေးပဒေသာ
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၄:၂၀ ၃။ အဆိုပြိုင်ပွဲ
- ၄:၃၀ ၄။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၄:၄၀ ၅။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
- ၄:၅၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (စီးပွားရေးပညာ အထူးပြု) (စီးပွားရေးပညာ)
- ၅:၀၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၅:၁၀ ၈။ စည်းကမ်းလိုက်နာ ဘေးကင်းကွာ
- ၅:၂၅ ၉။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၅:၃၅ ၁၀။ ရင်မှာစွဲထင် တေးအလှသံစဉ်
- ၅:၄၅ ၁၁။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၄။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆:၄၀ ၁၅။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၄)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (အပိုင်း-၃၂) (ပထမတွဲ-ဇာတ်သိမ်း)
- ၂၁။ **ရုပ်ရှင်ပဟေဠိ**
- ၂၂။ အစီအစဉ်ပြီး၏။

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် မတ် ၈

ကျောက်မဲအသင်း(ရန်ကုန်)သက်ကြီးပူဇော်မည်

ကျောက်မဲမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို မတ် ၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ ကမ္ဘောဇမ္ဗော်ရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများ တက်ရောက်ရန် ဖိတ်ကြားထားသည်။

မော်လမြိုင်အသင်း ပညာရည်ချွန်ဆုပေးမည်

မော်လမြိုင်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၄ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီခွဲတွင် ရွှေတိဂုံစေတီအနောက်ဘက်မုခ်ရှိ မော်လမြိုင်အသင်းမွှောရုံ၌ ကျင်းပမည်ဖြစ်သည်။

ကျောက်တန်းမြို့ တံတားအထက မြတ်ဆရာပူဇော်ပွဲ

ကျောက်တန်းမြို့နယ် တံတားမြို့ အထကကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲကို မတ် ၂၈ရက်(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် အဆိုပါကျောင်း၌ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၈၆-၄၀၆၇၈နှင့် ၅၅၃၃၉၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အမက(၈)မြောက်ဥက္ကလာ မြတ်ဆရာပူဇော်ပွဲ

မြောက်ဥက္ကလာပမြို့နယ် အမက(၈)၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၈ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၁-၇၃၀-၁၀၅၁၅နှင့်၀၉-၅၀-၀၉၈၉၇တို့သို့ ဆက်သွယ်နိုင်သည်။

စက်မှုလက်မှု အထက(၁) မြတ်ဆရာပူဇော်မည်

စက်မှုလက်မှုအထက်တန်းကျောင်း အမှတ်(၁)(ဘောင်ဒရီ)၏ ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲကို မတ်၂၁ရက်တွင် ဒက္ခိဏာရုံပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၅၀-၈၁၇၅၈၊ ၀၉-၅၁-၀၆၁၆၂နှင့် ၅၂၄၁၉၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ရန်ကုန်ဂေါက်အသင်း နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန်ဂေါက်အသင်း၏ နှစ်ပတ်လည်အစည်းအဝေးကို မတ်၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်ဂေါက်အသင်း အစည်းအဝေးခန်းမ၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်များတက်ရောက်ရန် ဖိတ်ကြားထားသည်။

စစ်တုရင်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ကကျင်းပမည့် Fischer Random Class စစ်တုရင် ပြိုင်ပွဲကို မတ် ၁၉ရက်မှ ၂၉ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံ လေလုံအားကစားရုံ၌ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုပါက မတ် ၁၈ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးခန်းတွင် စာရင်းပေးနိုင်သည်။

ကျောက်ဆည်အသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေးမည်

ကျောက်ဆည်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို မတ် ၂၁ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ကျောက်ဆည်အသင်း(ရန်ကုန်) တည်ရှိရာ ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့်ရှိ ကျောက်ဆည်မွှောရုံဗိမာန်တော်ကြီး၌ကျင်းပမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၅၅၂၇၃၆ သို့ ဆက်သွယ်နိုင်သည်။

၂၀၁၀ Davis Cup ပြိုင်ပွဲအတွက် တင်းနစ်လူရွေးမည်

ဂျော်ဒန်နိုင်ငံ အမ္မန်မြို့၌ ဧပြီ ၁၉ရက်မှ ၂၆ရက်အထိကျင်းပမည့် ၂၀၁၀ Davis Cup တင်းနစ်ပြိုင်ပွဲအတွက် လူရွေးချယ်ယှဉ်ပြိုင်ပွဲကို မတ် ၁၂ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ကျင်းပမည်ဖြစ်ရာ လက်ရွေးစင်အဆင့်ရှိ တင်းနစ်အားကစားသမားများသည် မတ် ၁၁ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် (သိမ်ဖြူတင်းနစ်ကွင်း)သို့ စာရင်းပေးသွင်းရမည် ဖြစ်သည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ- ဝင်းကျော်

မီးကို သတိ မြဲထားရှိ စောင့်ကြည့်နေပါ သင့်ဝန်တာ

လက်ထပ်ပြီးစီးခြင်း

မြင်းခြံမြို့၊ အမှတ်(၇)ရပ်ကွက်၊ အိမ်အမှတ် ၂၆၇နေ ဦးငွေသိန်း B.Sc(Agri:)
လ/ထ အထွေထွေမန်နေဂျာ လယ်-စိုက်-ရှင်း(ငြိမ်း)-ဒေါ်အေးမြင့်တို့၏သားကြီး
ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၉မိုင်၊ သီရိကွန်ဒို D/၇၂၀နေ

မောင်မြင့်သိန်းထွန်း

AGTI , B.E(Mechanical), First Class M.O.T.,
Chief Engineer(Uniteam Marine)

နှင့်

သန်လျင်မြို့၊ ကျောက်ရေတွင်းရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် ၂၃၅နေ
ဒုတိယရဲမှူးငွေသိမ်း (ငြိမ်း)-(ဒေါ်တင်တင်ဝင်း)တို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာ မေသူကျော်စွာ(ခ)ချောချော

B.Sc (Hons:), M.S (Engg: Physics)
(Electronics), Ph.D.(C.H.T)
ကထိက(ကွန်ပျူတာတက္ကသိုလ်၊ ပြည်မြို့)

တို့သည် ၅-၃-၂၀၁၀ရက်(သောကြာနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများ၏ရှေ့မှောက်၌ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မြင့်သိန်းထွန်း-ဒေါက်တာမေသူကျော်စွာ။

YANGON Y.M.C.A
No.263, MAHABANDOOLA STREET, YANGON.
Ph: 294128/ 294109/203027

နွေရာသီသင်တန်းများ ၁၀-၃-၂၀၁၀ရက်တွင် ဖွင့်လှစ်ပါမည်။
[အင်္ဂလိပ်စာသင်တန်း(စကားပြော၊ ဘာသာပြန်)တရုတ်စကားပြောသင်တန်း]
လေအေးစက်နှင့် ရေခဲသေတ္တာပြုပြင်နည်းသင်တန်း၊
ကွန်ပျူတာသင်တန်း၊ ပန်းချီအထူးသင်တန်း၊
ဆံပင်နှင့်မိတ်ကပ်အလှပြင်သင်တန်း၊ ပန်းအလှထိုးနည်းသင်တန်း
ဂစ်တာသင်တန်း၊ စန္ဒရားသင်တန်း၊ အော်ဂင်သင်တန်း၊ စက်ချုပ်သင်တန်း၊
တစ်ချောင်းထိုး၊ နှစ်ချောင်းထိုး၊ တက်တင်းထိုးသင်တန်း၊
အမျိုးသား၊ အမျိုးသမီး ကာယဗလနှင့် ကာယအလှသင်တန်း၊ ကွန်ဖူး၊
ကြက်တောင်၊ ကရာတေး၊ အာကီဒို၊ တိုက်ကွမ်ဒို၊ ကစ်ဘောက်ဆာ၊
မဟာကြူးနန်း (ဂူရှူးဆန်းဆို)၊ ရှင်ဂျီအားကစားသင်တန်းများ။

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ချောက်မြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၈

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၄)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို မကြာမီ ကျင်းပမည်ဖြစ်ရာ ၂၀၀၉ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် အသင်းဝင်များ၏ သားသမီး ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ အမှတ်စာရင်းမိတ္တူနှင့် အတူ ဦးညိုမောင် ဥက္ကဋ္ဌ ဖုန်း-၅၉၀၀၀၉၊ ဒေါက်တာမောင်မောင်မြင့် ဒုတိယဥက္ကဋ္ဌ ဖုန်း-၅၅၄၀၆၇၊ ဦးဌေးအောင် အတွင်းရေးမှူး အိမ်ဖုန်း-၂၉၃၄၂၀၊ ရုံးဖုန်း- ၂၉၁၂၅၀တို့သို့ မတ် ၂၀ရက် နောက်ဆုံးထား၍ အချိန်မီစာရင်းပေးပို့ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။

(၁၁၃)

မာန်အောင်မြို့နယ်၌ ပွင့်သစ်ဝေကျေးရွာ စာကြည့်တိုက်ဖွင့်

မာန်အောင် မတ် ၈

မာန်အောင်မြို့နယ် သာယာကုန်းကျေးရွာ ပွင့်သစ်ဝေကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်သူထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းထွန်းအောင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်မြတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးသိန်းထွန်းအောင်က စာကြည့်တိုက်ရေရှည်တည်တံ့ရေးအတွက် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာများက စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းနှင့်ဂျာနယ်မျိုးစုံ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

တောင်ကုတ်မြို့နယ် ညောင်လုံထိုးကျေးရွာ၌ ရိုးမအလင်းရှင် စာကြည့်တိုက်ဖွင့်

တောင်ကုတ် မတ် ၈

တောင်ကုတ်မြို့နယ် ညောင်လုံထိုးကျေးရွာ ရိုးမအလင်းရှင် စာကြည့်တိုက် ဖွင့်ပွဲနှင့်စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက် မွန်းလွဲ ၁၂နာရီ မိနစ် ၅၀တွင် အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ရွှေ၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးသန်းဝေ၊ ကျေးရွာဥက္ကဋ္ဌဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးမြင့်ရွှေက စာကြည့်တိုက် ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းရန် ပြောကြားပြီး စာကြည့်တိုက်လက်ထောက်-၃ ဒေါ်ခင်သီရိဟေမာန်၊ ရပ်သံကျွမ်းကျင်-၃ ဒေါ်ခိုင်ဇာလင်းနှင့် အငယ်တန်းစာရေး ဒေါ်ဝင်းမြသန်းတို့က စာအုပ်စာစောင်စနစ်တကျထားရှိရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးတို့ကို လက်တွေ့သရုပ်ပြကာ မြို့နယ်ဦးစီးမှူး ဦးမြင့်ရွှေ၊ ပြည်တွင်းအခွန်များဦးစီးဌာန ဦးစီးအရာရှိ ဦးလှဌေးဦး၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးသန်းဝေ၊ အတွေးသစ်အမြင်သစ်စာတိုက်ဥက္ကဋ္ဌ ဦးချစ်မြ၊ ဦးစံကျော်မင်း(လဝန်းစာပေ)တို့က သုတ၊ ရသနှင့် ဂျာနယ်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးဝင်းနိုင်က လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)



ကွင်းဆင်းကြီးကြပ်

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ဒုတိယဦးစီးမှူး (ဈေး) ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများက ရေမြောင်းဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင် ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

အလက(၃) အလုံ ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၈

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း၏ ပဉ္စမအကြိမ်မြောက် ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲနှင့် ကျေးဇူးရှင် ဆရာ ဆရာမများအား ပူဇော်ကန်တော့ပွဲကို မတ် ၂၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ကိုအောင်ကျော်တင် ဖုန်း-၀၉-၅၁-၅၃၃၈၈၊ ကိုကြည်သန်း ဖုန်း-၀၉-၅၁-၄၈၅၁၈နှင့် ကိုအောင်ခိုင်စည် ဖုန်း-၀၉-၅၁-၄၆၇၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။ **(မြန်မာ့အလင်း)**

စက်ရေတွင်း လှူဒါန်းနိုင်

ရန်ကုန် မတ် ၈

ယင်းမာပင်မြို့နယ်ရှိ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် သစ်တောဦးစီးဌာန(ဝန်းကျင်/သားငှက်ဌာန)မှ ဦးစီး ဦးအောင်မောင်း ဦးဆောင်၍ ဆင်လုပ်သားများနှင့် ခရီးသွားများ နွေရာသီ ရေလုံလောက်စွာ သောက်သုံးနိုင်ရေးအတွက် အလှူရှင်များနှင့် ဆီမီး ၉၉၀၀အဖွဲ့ (အင်းစိန်)တို့က လှူဒါန်းငွေဖြင့် အဝီစိရေတွင်းကို မတ်၃ရက်က တူးဖော်ရာ ဆီမီး၉၉၀၀အဖွဲ့ နာယက ဦးစိုးဝင်း (စဥ့်ကူ စိုးဝင်း)၊ ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဘိုသံမဏိ-တောင်တွင်းကြီး)နှင့် အဖွဲ့ဝင်များက ကြည့်ရှုကြသည်။ **(ယာပုံ)**

ဆက်သွယ်နိုင်

အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်းရှိ ဆင်ကောင်ရေ ၅၀ ကျော်နှင့် ဆင်လုပ်သားများ၊ မိသားစုများ နွေရာသီရေအခက်အခဲရှိသဖြင့် အဝီစိရေတွင်းတစ်တွင်း (ရေစုပ်စက်၊ အုတ်ရေကန်အပါ)ငွေကျပ် ၂၅ သိန်းမျှ ကုန်ကျမည်ဖြစ်ရာ ဆရာတော် ဖုန်း-၀၇၁-၂၃၅၉၃၊ ၀၉-၆၄-၅၀၅၄၂၊ ၀၁-၃၃၃၉၄၀၈၊ ၀၁-၃၃၃၉၄၀၉၊ ၀၁-၃၃၃၉၄၁၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။ **(၁၁၃)**

မြို့ရွာ တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ကမ္ဘာတစ်လွှားထူးထူးခြားခြား

စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

ကမ္ဘာ့နိုင်ငံများတွင် ဗိသုကာပညာရှင်များက ထူးခြားသော ဒီဇိုင်းပုံစံများ တီထွင်ထုတ်လုပ်ကာ တည်ဆောက်ထားသည့် အဆောက်အအုံများအနက် အလှပဆုံးအဆောက်အအုံအချို့ကို စုစည်းဖော်ပြရပါလျှင်-

ဩစတြေးလျနိုင်ငံရှိ မဲလ်ဘုန်းခန်းမ အဆောက်အအုံ

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ တည်ဆောက်ထားသော အဆောက်အအုံဖြစ်သည်။ ၂၀၁၀ခုနှစ် ဇန်နဝါရီက ပထမသီတင်းပတ်အတွင်း၌ ဖွင့်လှစ်ခဲ့သော အဆောက်အအုံဖြစ်သည်။ ထူးခြားသော ဗိသုကာလက်ရာဖြစ်ပြီး ဩစတြေးလျနိုင်ငံ၏ ၂၀၀၉ခုနှစ် အကောင်းဆုံးနှင့် အလှဆုံး ဒီဇိုင်းပုံစံအဆောက်အအုံဆုကို ဆွတ်ခူးရရှိခဲ့သည်။ ယင်း အဆောက်အအုံ တရားဝင် မဖွင့်လှစ်မီကပင် အလှပဆုံး အဆောက်အအုံအဖြစ် ဆုရရှိခဲ့ခြင်း ဖြစ်သည်။(ဝဲပုံ) (အင်တာနက်)

လန်ဒန်မြို့မှ ကျည်ဆန်ပုံ အဆောက်အအုံ

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် တည်ဆောက်ထားသော အဆောက်အအုံဖြစ်သည်။ လန်ဒန်မြို့ စိန့်မေရီရပ်ကွက်၌တည်ရှိပြီး ၂၀၀၄ခုနှစ်က တည်ဆောက်ပြီးစီးခဲ့သည်။ ယင်း ကျည်ဆန်အဆောက်အအုံသည် အမြင့်ပေ ၆၀၀ရှိပြီး အထပ်ပေါင်း ၄၀ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ ရုံးခန်းများ၊ ဆွေးနွေးပွဲခန်းမများ၊ အရောင်းဆိုင်ခန်းများ၊ လူနေအိမ်ခန်းများ ပါဝင်သည်။ ကမ္ဘာပေါ်တွင် အလှပဆုံး အဆောက်အအုံတစ်ခုအဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။ **(အပေါ်ပုံ)** **(အင်တာနက်)**

စပိန်နိုင်ငံ ဆန်တီရာဂိုမြို့မှ ခရုပုံအဆောက်အအုံ

စပိန်နိုင်ငံ ဆန်တီရာဂိုမြို့မှ အနုပညာနှင့် သိပ္ပံဆိုင်ရာ အဆောက်အအုံဖြစ်သည်။ ခရုတစ်ကောင်၏ ဒီဇိုင်းပုံစံအတိုင်း တည်ဆောက်ထားခြင်းဖြစ်ပြီး အနက်ရောင်နှင့် မီးခိုးရောင်တို့ ခြယ်မှုန်းထားသည်။ အနုပညာနှင့်သိပ္ပံဆိုင်ရာ ပြပွဲများ၊ ယင်းတို့နှင့် သက်ဆိုင်သည့် ပစ္စည်းများကို ခင်းကျင်းပြသထားသည့် အဆောက်အအုံဖြစ်သည်။ **(ယာပုံ)**
(အင်တာနက်)

စိန့်ကစ်နှင့်နေဗီးစ်နိုင်ငံ

နိုင်ငံတကာသတင်းအက်ဆေး

တိုး-ရေးသားသည်

စိန့်ကစ်နှင့်နေဗီးစ်နိုင်ငံသည် ကာရစ်ဘီယံဒေသအရှေ့ပိုင်းတွင် တည်ရှိသည်။ ဗြိတိသျှကိုလိုနီဟောင်းဖြစ်သော ဤနိုင်ငံရှိ ပြည်သူအများစုမှာ အနောက်အာဖရိကနိုင်ငံသားများမှ ဆင်းသက်ပေါက်ဖွား လာကြသူများဖြစ်သည်။



ကိုလိုနီ

ခရစ္စတိုဖာကိုလံဘတ်သည် စိန့်ကစ်နှင့်နေဗီးစ်ကျွန်းများပေါ်တွင် ၁၄၉၃ ခုနှစ်က ခြေချခဲ့သည်။ ၁၆၂၃ခုနှစ်တွင် ဗြိတိန်နိုင်ငံက စိန့်ကစ်ကျွန်းပေါ်တွင် ပထမဆုံး ကာရစ်ဘီယံကိုလိုနီကို ထူထောင်လိုက်သည်။ ၁၆၂၈ ခုနှစ်တွင် နေဗီးစ်ကျွန်း၌ ကိုလိုနီနယ်ပယ် ထူထောင်ပြန်သည်။ ၁၈၇၁ခုနှစ်တွင် စိန့်ကစ်၊ နေဗီးစ်နှင့် အင်ဂီလာ ကျွန်းတို့ကို စုပေါင်းပြီး ဗြိတိသျှလက်အောက်သို့ သွတ်သွင်းသည်။

ဖွဲ့စည်း

၁၉၃၂ခုနှစ်တွင် လွတ်လပ်ရေးတိုက်ပွဲဝင်ရန် ဗဟိုလက်ဝဲလေဘာပါတီကို ဖွဲ့စည်းလိုက်သည်။ ၁၉၆၇ ခုနှစ်တွင် စိန့်ကစ်၊ နေဗီးစ်နှင့် အင်ဂီလာကျွန်းများသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော အနောက်အင်ဒီးစ်နိုင်ငံများအဖွဲ့၌ အဖွဲ့ဝင်ဖြစ်လာပြီး လေဘာပါတီခေါင်းဆောင် ရောဘတ်ဘရက်ရှောဝန်ကြီးချုပ် ဖြစ်လာသည်။ ၁၉၇၀ ပြည့်နှစ်တွင် နေဗီးစ်ပြုပြင်ပြောင်းလဲရေးပါတီကို လွတ်လပ်ရေးတိုက်ပွဲဝင်ရန် ဖွဲ့စည်းသည်။ ၁၉၇၁ ခုနှစ်တွင် အင်ဂီလာကျွန်းကို ဗြိတိသျှတိုက်ရိုက်အုပ်ချုပ်မှုအောက် သွတ်သွင်းလိုက်သည်။

စိန့်ကစ်နှင့်နေဗီးစ်နိုင်ငံသည် ကာရစ်ဘီယံ ဒေသအရှေ့ပိုင်းတွင် တည်ရှိ၊ ဗြိတိသျှ ကိုလိုနီဟောင်းဖြစ်သော ဤနိုင်ငံရှိ ပြည်သူ အများစုမှာ အနောက်အာဖရိက နိုင်ငံသားများ မှ ဆင်းသက်ပေါက်ဖွား လာကြသူများဖြစ်။

လွတ်လပ်ရေး

၁၉၈၃ ခုနှစ်တွင် စိန့်ကစ်နှင့်နေဗီးစ်ကျွန်းတို့သည် ဗြိတိသျှ ဓနသဟာယအဖွဲ့အတွင်း၌ လွတ်လပ်ရေးရရှိသည်။ ကနေဒီဆိုင်မွန်သည် စိန့်ကစ်နှင့်နေဗီးစ်နိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၉၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် ကနေဒီဆိုင်မွန် အရေးနိမ့်ပြီး လေဘာပါတီခေါင်းဆောင် ဒင်ဇီဒေါက်ကလပ် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် နေဗီးစ်ကို စိန့်ကစ်နှင့် နေဗီးစ်နိုင်ငံမှခွဲထွက်ရေးဆုံးဖြတ်ရန် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရေးကိစ္စကို နေဗီးစ်ပါလီမန်က ခွင့်ပြုသဖြင့် ၁၉၉၈ခုနှစ် ဩဂုတ်လတွင် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပသည်။ ခွဲထွက်ရန်ထောက်ခံမဲ သုံးပုံနှစ်ပုံမရရှိ၍ ခွဲထွက်ခွင့် မရရှိတော့ပေ။

ပြန်လည်ရွေးချယ်

၂၀၀၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် ၂၀၀၄ ခုနှစ် ရွေးကောက်ပွဲများတွင် ဒင်ဇီဒေါက်ကလပ်ကိုပင် ဝန်ကြီးချုပ်အဖြစ် ဆက်လက်၍ ပြန်လည်ရွေးချယ်တင်မြှောက်သည်။ ၂၀၀၅ ခုနှစ် မတ်လတွင် ကြံခုတ်သိမ်းပြီးချိန်၌ အရှုံးပေါ်လာသော သက်တမ်း ၃၀၀ရှိ ကြံလုပ်ငန်းကိုပိတ်ပစ်ရန် အစိုးရကဆုံးဖြတ်သည်။ ဤနိုင်ငံကို ဟာရီကိန်းမုန်တိုင်းများက မကြာခဏဒုက္ခပေးလေ့ရှိသည်။

ဖက်ဒရေးရှင်း

၁၉၈၃ ခုနှစ်တွင် ဗြိတိသျှလက်အောက်မှ လွတ်လပ်ရေးရပြီးကတည်းက စိန့်ကစ်နှင့် နေဗီးစ်ကျွန်းတို့ကို ဖက်ဒရေးရှင်းဖွဲ့စည်းမှုမှာ ချောချောမောမော အဆင်ပြေလှသည် မဟုတ်ပါပေ။ စိန့်ကစ်နှင့် နေဗီးစ်နိုင်ငံမှ ခွဲထွက်ရေးမှာ ပြည်သူအများစု လက်မခံသဖြင့် ခွဲမထွက်နိုင်ရှိစေကာမူ ခွဲထွက်ရေးရန်းကန်မှုက ရှိနေသည်။ နိုင်ငံတော် ဗဟိုအစိုးရသည် နေဗီးစ်ကျွန်းမှပြည်သူတို့၏ လိုအပ်ချက်များကို လျစ်လျူရှုထားသည်ဟု ပြောဆိုဝေဖန်မှုများရှိသည်။

အလုပ်လက်မဲ့

ဤနိုင်ငံ၌ ကြံလုပ်ငန်းကိုရပ်လိုက်သည့်အတွက် အလုပ်လက်မဲ့ဦးရေ များပြားလာရသည်။ ယခုအခါ ခရီးသွားလုပ်ငန်းနှင့် ကမ်းလွန်ဘဏ္ဍာရေး ဝန်ဆောင်မှုလုပ်ငန်းများကို မြှင့်တင်ပေးရမည်ဖြစ်သည်။

အရင်းအနှီးများ

မူးယစ်ဆေးဝါးမှောင်ခိုသမားများနှင့် ငွေမည်းကို တရားဝင်ဖြစ်အောင် ခဝါချသူများ၏ အန္တရာယ်ကို ဥပဒေအရ ကာကွယ်ရမည်ဖြစ်သော်လည်း ဤနိုင်ငံ၏ နွေးထွေးမှုတသော ရာသီဥတု၊ လှပသောရှုခင်းများနှင့် ပင်လယ်ကမ်းခြေများက ခရီးသွားလုပ်ငန်းအတွက် သဘာဝကပေးသည့် အဖိုးတန်အရင်းအနှီးများပင် ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ဘဝဒဿန

Knowledge is useless until it is transformed into benefit through action.

ပညာဗဟုသုတကို လက်တွေ့ဆောင်ရွက်မှုမှတစ်ဆင့် အကျိုးအမြတ်အဖြစ် မပြောင်းလဲနိုင်လျှင် ၄င်းပညာဗဟုသုတသည် အသုံးမဝင်ချေ။ (ချားလ်ဝီလျံ)

The man who speaks gently is heard futher.

နူးညံ့သိမ်မွေ့စွာ ပြောဆိုလေ့ရှိသူ၏စကားသည် ပိုမိုထိရောက်ပြီးအောင်မြင်လေ့ရှိသည်။ (တရုတ်)

A man without enthusiasm is like an automobile without gasoline.

စိတ်အားထက်သန်မှု မရှိသူတစ်ဦးသည် ဓာတ်ဆီမရှိသော မော်တော်ယာဉ်တစ်စီးကဲ့သို့ မောင်းနှင်၍ မရချေ။

(ဘားနတ်ရှော)

ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ မောက်မယ်မြို့၌ ကျင်းပ

မောက်မယ် ဖေဖော်ဝါရီ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ရက် နံနက် ၉နာရီခွဲက အဆိုပါကျောင်းခန်းမ၌ကျင်းပရာ ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းသီဆို၍ အခမ်းအနားဖွင့်လှစ်ပြီး နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးတင်ဆွေက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအုန်းသွင်၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းဌေး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းမြင့်တို့က အသီးသီး အမှာစကား ပြောကြားကြသည်။

ဆုများချီးမြှင့်

ထို့နောက် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ အတန်းလိုက်ထူးချွန်ဆုရရှိသူများ၊ ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ပြီးနောက် ကျောင်းသား ကျောင်းသူကလေးများက အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၄၅၀ခန့် တက်ရောက်ကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ကသာခရိုင် ထီးချိုင့်မြို့နယ် ဝဲကြီးကျေးရွာတွင် ပညာတန်ဆောင်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ထီးချိုင့် ဖေဖော်ဝါရီ ၂၈

ကသာခရိုင် ထီးချိုင့်မြို့နယ် ချွန်းတောင်ကျေးရွာအုပ်စု ဝဲကြီးကျေးရွာ ပညာတန်ဆောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၁ရက်က အဆိုပါအဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

ပေးအပ်

အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်အေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောကလျာနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအောင်ဘိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးကျော်ဝင်းကိုက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းအကြောင်းတို့ကို ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ စာအုပ်စာစောင်နှင့် ငွေပဒေသာပင် အလှူငွေများပေးအပ်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်အေးက မြို့နယ်ဦးစီးမှူး ဒေါ်စောကလျာနှင့် ဝဲကြီးကျေးရွာဥက္ကဋ္ဌ ဦးအောင်ဘိုတို့က လက်ခံယူသည်။

အဆိုပါအခမ်းအနားသို့ ထီးချိုင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်အေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

လင်းခေးမြို့နယ် မိခင်နှင့်ကလေးအသင်း စံပြမိခင်ဆုပေးပွဲ ကျင်းပ

လင်းခေး ဖေဖော်ဝါရီ ၂၃

လင်းခေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ (၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စံပြမိခင်နှင့် ကလေးပြိုင်ပွဲ ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၂ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရုံးခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မာလာသန်းက အခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တာဝန်ရှိသူများက ပြိုင်ပွဲတွင် ဆုရရှိကြသော စံပြမိခင်များနှင့် အသက်အလိုက် ယှဉ်ပြိုင်ကြသည့် ကလေးငယ်များအား ဆုများချီးမြှင့်ပေးကြသည်။

ထို့နောက် ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါ်အားမူနှင့် တာဝန်ရှိသူများက ချို့တဲ့နွမ်းပါးသော ကလေးများအတွက် အဝတ်အစားများကို ထောက်ပံ့ပေးအပ်ကြသည်။ (ခရိုင် ပြန်/ဆက်)

ကျန်းမာရေးဦးစီးဌာနနှင့် ဒေသခံအလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် စစ်ကိုင်းတိုင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာထွန်းမြင့် ဦးဆောင်သော အထူးကုဆရာဝန်များအဖွဲ့ ဖေဖော်ဝါရီ ၅ရက်နှင့် ၆ရက်များတွင် မောင်းခမ်းစံပြကျေးရွာ၌ အခမဲ့ ကွင်းဆင်း ဆေးဝါးကုသပေးစဉ်။
(မြို့နယ် ပြန်/ဆက်)

မြို့တွင်းပလက်ဖောင်းများ ပြုပြင်မွမ်းမံ

ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင်ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့တွင်းပလက်ဖောင်းများ ပြုပြင်မွမ်းမံခြင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အသားအရေ လှပမှုဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ အထူးဈေးရောင်းပွဲနှင့် ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် မတ် ၈

Ta-Fa Trading Co., Ltd. ၏ Follow Me & Secret Beauty Products များ အထူးဈေးရောင်းပွဲနှင့် ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲကို မတ် ၂ရက် နံနက် ၁၁နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel ၌ကျင်းပရာ Ta-Fa Trading Co.,Ltd. မှ Executive Director ဦးထွန်းကြည်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(အောက်ပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် ကုန်ပစ္စည်းသစ်ဖြစ်သည့် Follow Me UV White Oxygen Advanced Skin Care Products များကို Marketing Executive (Junior) ဒေါ်ထက်ဝေရည်ကျော်က လက်တွေ့သရုပ်ပြ လိမ်းခြယ်ခြင်းနှင့်အတူ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အထူးရောင်း အစီအစဉ်အရ အောက်မြန်မာပြည် လက်ကားကိုယ်စားလှယ်ကြီးများအား ဝယ်ယူသောတန်ဖိုးငွေပမာဏအလိုက် ငွေကျပ် ၂၈၀၀၀ တန်ဖိုးရှိ လက်ဆောင်ပစ္စည်းများအပါအဝင် ငွေကျပ် ၁၃သိန်းတန်ဖိုးရှိသော ရွှေဒင်္ဂါးပြားဆုများအတွက် ကံထူးရှင် ၁၁ဦးကို ရွေးချယ်၍ ဆုများချီးမြှင့်ပေးသည်။

သရုပ်ပြလိမ်းခြယ်

ညနေပိုင်းတွင် Follow Me & Secret Beauty Products များကို စွဲစွဲမက်မက်နှင့် အစဉ်တစိုက် ဝယ်ယူသုံးစွဲကြသော သုံးစွဲသူများအား အထူးဈေးရောင်းပွဲ ပြုလုပ်ပေးသည်။ ကုန်ပစ္စည်းတစ်ခုဝယ်၊ တစ်ခုလက်ဆောင်ပေးခြင်းအပြင် ဝယ်ယူမှုအပေါ်တွင် လက်ဆောင်ပစ္စည်းများ ထိုက်တန်စွာ ချီးမြှင့်ပေးပြီး ကုန်ပစ္စည်းသစ် မိတ်ဆက်ပေးခြင်း၊ သရုပ်ပြလိမ်းခြယ်ပြသခြင်းများနှင့် ဧည့်သည်တော်များအား ကံစမ်းမဲ ဖွင့်လှစ်ပေးသည်။

အလားတူ အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ရက်ကလည်း အထက်မြန်မာပြည် လက်ကား ကိုယ်စားလှယ်များ၊ သုံးစွဲသူများအတွက် မန္တလေးမြို့ Sedona Hotel ၌လည်း ကျင်းပခဲ့ကြောင်း သိရသည်။

တိုးတက်ဖြစ်ပေါ်

ထိုင်းမှိုင်းပြီး ဖျော့တော့သော အသားအရေ၊ ပျော့လျော့တွဲကျနေသော အသားအရေ၊ အရေတွန့်များနှင့် အရေးအကြောင်းများ ဖြစ်ပေါ်နေသော အသားအရေ၊ အမည်းစက်များနှင့် ဇရာလက္ခဏာ အစက်အပြောက်များရှိသော အသားအရေပိုင်ရှင်များအတွက် Follow Me UV White Oxygen Advanced Skin Care Products များ အသုံးပြုခြင်းဖြင့် အသားအရေ ငယ်ရွယ်နုပျို ရွှန်းစိုတောက်ပစေခြင်း၊ အရေတွန့်များနှင့် အရေးအကြောင်းများ လျော့ပါးလာစေခြင်း၊ အသားအရေ တင်းရင်းလှပမှုကို တိုးတက်ဖြစ်ပေါ်စေခြင်းနှင့် အရေပြားမျက်နှာပြင်ရှိ အမည်းအစက်အပြောက်များ အရောင်ဖျော့တော့လာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

ဖေဖော်ဝါရီ ၅ရက်က ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နန္ဒာလမ်းသွယ် ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်ဝင်းက ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မိခင်နှင့်ကလေး ကျန်းမာရေးမြှင့်တင်ခြင်း ပညာပေးဆွေးနွေး

ကျောက်ဆည် ဖေဖော်ဝါရီ ၂၈

ကျောက်ဆည်မြို့နယ် အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၅ရက် မွန်းလွဲ ၁နာရီက ထောင်စုနှစ်ရည်မှန်းချက် ပြည့်မီရေး၊ မိခင်နှင့်ကလေးကျန်းမာရေး မြှင့်တင်ခြင်း အသိပညာပေးဆွေးနွေးပွဲ ကျင်းပရာ မြို့နယ် ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာချမ်းငြိမ်းအောင်က ကျန်းမာရေးမြှင့်တင်ခြင်းစီမံချက်၏ ရည်မှန်းချက်များနှင့် ၂၀၀၉ခုနှစ် မြို့နယ်အတွင်း မိခင်နှင့် ငါးနှစ်အောက်ကလေးများ သေဆုံးရသည့် အကြောင်းအရင်း ဆန်းစစ်တွေ့ရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်လှိုင်က လုပ်ငန်းလိုအပ်ချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။ (ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်း ထွေထွေ

မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးရေးနှင့် ယာဉ်၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကန့်ဘလူ၌ ဟောပြော

ကန့်ဘလူ ဖေဖော်ဝါရီ ၂၄

ကန့်ဘလူမြို့နယ် ရဲတပ်ဖွဲ့အနေဖြင့် မှုခင်းကျဆင်းရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ရက်က ခေါသန္တီကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျေးရွာသူ ကျေးရွာသားများအား မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတားဆီးရေးနှင့် ယာဉ်နှင့်လမ်းစည်းကမ်း ထိန်းသိမ်းရေးတို့ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်စိုးက ဆွေးနွေးဟောပြောကြောင်း သိရသည်။ **(ယာပုံ)**

(မြို့နယ် ပြန်/ ဆက်)

ကျေးဇူးဆပ်ပါမည်

အဖဦးကျော်ကျော်ဦး၏သား မောင်ကျော်ကျော်သိန်း နိုင်ငံကူး လက်မှတ်အမှတ်-CI-66204 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၂၄၀၆၄၅။

ဖခင်အမည်မှန်

ဦးစောဌေးအောင် (ဆမ)၇/ပမန(နိုင်) ၀၁၇၆၃၁၏ ဖခင်အမည်မှန်မှာ ဦးချစ်ရွှေဖြစ်ပါသည်။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက် ဘုရားကုန်းအဆင့်(၁) မြေကွက်အမှတ်(၁၃)၊ မြေအမည်ပေါက် ဦးတင်မောင်(ကွယ်လွန်)၏ ဇနီး ဒေါ်ရှိန်ထံမှမြေကွက်ဝယ်ယူသူ ဦးအေးဝင်း၁၂/သဃက(နိုင်)၁၂၂၂၁၅ ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးမြချို ၁၀/ဘလန(နိုင်) ၀၀၄၆၅၆က အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်သည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်သိန်းလှိုင်
B.A,R.L
တရားရုံးချုပ်ရှေ့နေ(၅၁၅၃)
အမှတ် ၈၃/၈၄၊ ပန်းဆိုးတန်းလမ်း၊
ရန်ကုန်မြို့၊ ဖုန်း-၃၇၇၂၇၆။

မင်္ဂလာဒုံမြို့နယ်၊ပတ္တမြားမြို့သစ် အောင်သစ္စာပတ္တမြားရတနာကျောင်း

သိမ် ဆက်လက်လှူဒါန်းကြပါရန်

(အကြမ်းထည် ပြီးစီးပါပြီ)

ခေါင်းရင်းခန်း	(ကမွည်းထိုး)	ကျပ် ၁၅ သိန်း
၁၀ ပေခန်း	(ကမွည်းထိုး)	ကျပ် ၁၀ သိန်း
ငါးပေခန်း	(ကမွည်းထိုး)	ကျပ် ၅ သိန်း
မျက်နှာကြက်	(ကမွည်းထိုး)	ကျပ် ၂၀ သိန်း
တံခါးတစ်ပေါက်		ကျပ် ၁ သိန်း
မြန်မာမှုတစ်ကွက်		ကျပ် ၅ သောင်း

ဆက်သွယ်လှူဒါန်းနိုင် ဖုန်း-၆၃၈၃၅၇၊ ၇၃၀၀၆၇၉၀။

အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစတိလ ဆရာတော်ကြီး၏ သိက္ခာထပ်မွေးနေ့ပူဇော်ပွဲမင်္ဂလာ ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ၁၀မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက် အောင်စေတီ သာသနာ့ဗိမာန်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစတိလဆရာတော်ကြီး၏ သက်တော် (၉၀)၊ သိက္ခာတော် (၇၀)ပြည့်မြောက် သိက္ခာထပ်မွေးနေ့မင်္ဂလာ အခမ်းအနားကို မတ် ၁၄ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါ အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက်၌ နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည်ဖြစ်သည်။ ယင်းနေ့ နံနက် ၉နာရီတွင် သိက္ခာထပ်၊ သိမ်ဆင်းမည်ဖြစ်ရာ ကြွရောက် ကြည်ညိုနိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

တပည့် ဒါယကာ၊
ဒါယိကာမများ။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ရမည်းသင်းခရိုင်တရားရုံး၊ ၂၀၀၉ ခုနှစ် တရားမဇာရီမှုအမှတ်-၅

ခရိုင်မန်နေဂျာ နှင့် ဒေါ်တင်ကြည်
မြန်မာ့စီးပွားရေးဘဏ်၊ ရမည်းသင်းမြို့။
တရားနိုင် တရားရှုံး

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၄တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၁၀ ခုနှစ် မတ်လ၁၆ရက် (မြန်မာသက္ကရာဇ် ၁၃၇၁ ခုနှစ် တန်ခူးလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

၁။ ပျော်ဘွယ်မြို့၊ ကျီးရိုးရွာ၊ အကွက်(၂၈၂) ဦးပိုင်(၇၈၆ / ၁၈၀၂)ဧရိယာ (၀ ဒသမ ၁၈) ဧကရှိမြေ
၂။ ယင်းမြေပေါ်ရှိ (၂၆×၂၆×၁၈)ပေ သွပ်မိုး၊ အောက်အုတ်ပတ်ကား၊ အပေါ်နံကပ် လျှာထိုးခင်း၊အောက်သမံတလင်းခင်း နှစ်ထပ်တိုက် (၁၅×၁၀×၈)ပေ သွပ်မိုး နံကပ် မီးဖိုချောင်။

ကြမ်းခင်းဈေး ကျပ် ၁၉၅သိန်းတိတိ။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မကန်စကားပါရှိခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အောင်ကြည်သိန်း(တ/၁၅၆၉)၊ ဒုတိယခရိုင်တရားသူကြီး။

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်ုပ်၏အမှုသည် မသီဂီမောင်(ခ) ဇာနည်ဇော် မှတ်ပုံတင်အမှတ် ၁၂/ဒဂဆ(နိုင်) ၀၀၃၂၇၂ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ (၈၈)ရပ်ကွက်၊ သော်ကမြိုင်လမ်း၊ အမှတ် ၁၃၁၂(ခ) နေထိုင်သူ၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

မသီဂီမောင်(ခ) ဇာနည်ဇော် မှတ်ပုံတင်အမှတ် ၁၂/ဒဂဆ(နိုင်) ၀၀၃၂၇၂နှင့် မောင်ညီညီဆွေ(ခ) သားကြီး မှတ်ပုံတင်အမှတ် ၁၄/ပပန(နိုင်) ၁၆၈၄၀၈တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း မတိုက်ဆိုင်တော့ပါသဖြင့်၁-၁၁-၂၀၀၉ ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီး ဖြစ်ပါသည်။ နောက်နောင်ဖြစ်ပေါ်လာသော အကြောင်းကိစ္စမှန်သမျှတို့သည် မည်သို့မျှမပတ်သက်၊ မသက်ဆိုင်တော့ပါကြောင်းနှင့် တစ်ဦးနှင့်တစ်ဦး လုံးဝပတ်သက်မှုမရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးခိုင်(LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၄၂၂၈)
အခန်း(၂)၊ ဝန်ထမ်းသက်သာ
ဆိုင်ခန်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်
တရားရုံးဝင်း ဖုန်း-၀၉-၈၆-၁၁၇၇၃။

သုတဘဏ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ပျော်ဘွယ်၌ဖွင့်

ပျော်ဘွယ် မတ် ၃

ပျော်ဘွယ်မြို့နယ် သုတဘဏ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၁၀နာရီက အရှေ့လျှော်ဖြူကုန်းကျေးရွာ အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသန္တာအောင်၊ ကျေးရွာဥက္ကဋ္ဌဦးအောင်မြင့်နှင့် အထက်တန်းကျောင်းအုပ်ဆရာကြီး(ငြိမ်း) ဦးရဲမြင့်တို့က စာကြည့်တိုက် အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ)

ဟောပြော

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မေသန္တာအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး အကြောင်းနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဦးညွန့်လှိုင်(ပျော်ဘွယ်-မောင်လွင်ယု)က စာပေမြင့်မှ လူမျိုးတင့်မည်အကြောင်း ဟောပြောသည်။

လက်ခံယူ

ထို့နောက် ဦးတင်ထွန်းဦးမိသားစုက စာကြည့်တိုက်အတွက် ဖူဂျီ ၂၁ လက်မ၊ ရောင်စုံတီဗွီတစ်လုံးနှင့် အလှူရှင်များက စာအုပ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌဦးအောင်မြင့်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးလှိုင်ဝင်းတို့က လက်ခံယူသည်။ အဆိုပါစာကြည့်တိုက်အဆောက်အအုံမှာ အလျား ပေ ၃၀ ၊ အနံ ၁၆ ပေရှိပြီး တန်ဖိုးကျပ်သိန်း၃၀ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း မတ် ၄ရက်က သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် အုတ်ဖိုစု-ငပ-သနပ္ပင် ကျေးလက်ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုကို ကွင်းဆင်းစစ်ဆေးရာ အဖွဲ့အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



သံတောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် မြို့ပတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၈ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးကျော်ကျော်လင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

စက်ချုပ်သင်တန်းဆင်းပွဲ ပေါင်မြို့နယ်၌ကျင်းပ

ပေါင် မတ် ၄

မွန်ပြည်နယ် ပေါင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ဦးဆောင်ကြီးကြပ်မှုဖြင့် FXB နှင့် ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲတို့ ပူးပေါင်းဖွင့်လှစ်သည့် စက်ချုပ်သုံးလ သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ရက် နံနက် ၉နာရီက ရဲပြားကုန်းကျေးရွာ စက်ချုပ်သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပေါင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးမော်က သင်တန်းဆင်း အမှာစကားပြောကြားပြီး(ဝဲပုံ) သင်တန်း၌ ထူးချွန်ဆုရရှိသော သင်တန်းသူနှစ်ဦးအား ဆုများ ချီးမြှင့်ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများ ထုတ်ပြန်

နေပြည်တော် မတ် ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဥပဒေအမှတ်(၁/၂၀၁၀)ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကိုလည်းကောင်း၊ ဥပဒေအမှတ်(၂/၂၀၁၀)ဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကိုလည်းကောင်း၊ ဥပဒေအမှတ်(၃/၂၀၁၀)ဖြင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကိုလည်းကောင်း၊ ဥပဒေအမှတ်(၄/၂၀၁၀)ဖြင့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကိုလည်းကောင်း၊ ဥပဒေအမှတ်(၅/၂၀၁၀)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကိုလည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁၃၇၁ ခုနှစ် တပေါင်းလပြည့်ကျော် ၉ရက်၊ ၂၀၁၀ပြည့်နှစ် မတ် ၈ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

အဆိုပါဥပဒေများကို မတ် ၉ ရက်မှစ၍ နေ့စဉ်ထုတ်သတင်းစာများတွင် အချပ်ပိုအဖြစ် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်ပြီး စာအုပ်များအဖြစ်လည်း ပုံနှိပ်ထုတ်ဝေ ဖြန့်ချိပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်ပြကွက်ရှိ ပျော်ရွှင်စွာ ဆော့ကစား အပန်းဖြေအနားယူနိုင်သော Floating ballet ကို ဤသို့ တွေ့ရသည်။

သတင်းခရီးသည်-မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း-သတင်းထောက်ထွန်းဇော်(စမ်းချောင်း)
စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

နေပြည်တော်၏ အစိကအပန်းဖြေအနားယူစရာ

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်

နေပြည်တော် မတ် ၈

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သို့ ဒုတိယမွိ ရောက်ခဲ့ရပြန်ပါပြီ။ ယခုတစ်ဖန် ရောက်ခဲ့ခြင်းသည်ကား အမျိုးသားအထိမ်းအမှတ်ဥယျာဉ်အတွင်း ဖျော်ဖြေရေးအစီအစဉ်များနှင့် ဒေသအသီးသီး၏ ရိုးရာဓလေ့များကြောင့် ပိုမိုစည်ကားနေသည်ဟု ကြားသိရ၍ ကိုယ်တိုင်ကိုယ်ကျလေ့လာ၍ ဆောင်းပါးများ ရေးသားရန် လာရောက်ခဲ့ခြင်းပါ။

စာမျက်နှာ ၉ ကော်လံ ၁ *

9-3 (20).pmd 1 3/9/2010, 2:06 AM